မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၅ ] ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက် ( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၇ ခုနှစ်၊ မေလ ၁၂ ရက် )

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ သက်ဆိုင်ရာပညာရပ်ဖြင့် နိုင်ငံတော်နှင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုကြသည့် ပုဂ္ဂိုလ်များအားလည်းကောင်း ဂုဏ်ပြုချီးမြှင့်နိုင်ရန်အလို့ငှာ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသည့် တံဆိပ် (၁၂) မျိုးအား "ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့" မှ စိစစ်ခြင်းမပြုမီ ပညာရပ်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်စိစစ်နိုင်ရေးအတွက် **"စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (င) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးနှင့်ဘဏ္ဍာရေးဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ထ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ "စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ် စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့" ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရွေးချယ်အဆိုပြုထားသော ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် "ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့" သို့ စိစစ်တင်ပြရန်၊

(ခ) ချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သူများကို ရွေးချယ်တင်ပြရာတွင် လုပ်ထုံးလုပ်နည်းပါ စိစစ်ချက်များနှင့်အညီ စိစစ်တင်ပြရန်၊

(ဂ) အထူးချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သော ကိစ္စရပ်များအတွက် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ် ချီးမြှင့်သင့်ကြောင်းတွေ့ရှိပါက အဆိုပါပုဂ္ဂိုလ်နှင့် သင့်လျော်သည့် စွမ်းဆောင်မှုဆိုင်ရာ တံဆိပ်တစ်ခုခုကို ချီးမြှင့်အပ်နှင်းရေးအတွက် စိစစ်တင်ပြရန်၊

(ဃ) လိုအပ်ပါက စိစစ်ဆောင်ရွက်နိုင်ရေးအတွက် သီးခြားအဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်ရန်၊

(င) အဆိုပြုရွေးချယ်သည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြင်ပအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဆိုပြုရွေးချယ်ခြင်း ခံရသည့်ပုဂ္ဂိုလ်များအား လိုအပ်ပါက ဖိတ်ကြားမေးမြန်းရန်နှင့် လိုအပ်သောအထောက်အထားများ၊ မှတ်တမ်းများ၊ စာရွက်စာတမ်းများကို တောင်းခံရန်၊

(စ) စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး ချီးမြှင့်အပ်နှင်းရန်အတွက် "ဂုဏ်ထူးဆောင် ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့" ၏ သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရန်။

၃။ ပဏာမစိစစ်ရေးအဖွဲ့၏ ဆုတံဆိပ်ရွေးချယ်ရေးနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများအား ပြည်ထဲရေး ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၈/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကိုနားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်နိုင်စေရေးအတွက်လည်းကောင်း၊ လူမှုရေးအရငဲ့ညှာသော အားဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေသော နိုင်ငံသားအကျဉ်းသား (၁၈၆) ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၉/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေသော နိုင်ငံခြားသား အကျဉ်းသား (၇၃) ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အောက်ဖော်ပြပါနေ့ရက်များမှာ အများပြည်သူတို့၏ အလုပ်ပိတ်ရက်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၁။ | နိုင်ငံတကာနှစ်သစ်ကူးနေ့ | ၁-၁-၂၀၁၈ | ၁ ရက် |
| ၂။ | လွတ်လပ်ရေးနေ့ | ၄-၁-၂၀၁၈ | ၁ ရက် |
| ၃။ | ပြည်ထောင်စုနေ့ | ၁၂-၂-၂၀၁၈ | ၁ ရက် |
| ၄။ | တပေါင်းလပြည့်နေ့ | ၁-၃-၂၀၁၈ | ၁ ရက် |
| ၅။ | တောင်သူလယ်သမားနေ့ | ၂-၃-၂၀၁၈ | ၁ ရက် |

| | | | |
|---|---|---|---|
| ၆။ | တပ်မတော်နေ့ | ၂၇-၃-၂၀၁၈ | ၁ ရက် |
| ၇။ | မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များ (သင်္ကြန် အကြို၊ အကျ၊ အကြတ်၊ အတက်၊ နှစ်ဆန်းတစ်ရက်) | ၁၃-၄-၂၀၁၈ မှ ၁၇-၄-၂၀၁၈ ထိ | ၅ ရက် |
| ၈။ | ကဆုန်လပြည့်နေ့ | ၂၉-၄-၂၀၁၈ | ၁ ရက် |
| ၉။ | ကမ္ဘာ့အလုပ်သမားနေ့ | ၁-၅-၂၀၁၈ | ၁ ရက် |
| ၁၀။ | အာဇာနည်နေ့ | ၁၉-၇-၂၀၁၈ | ၁ ရက် |
| ၁၁။ | ဝါဆိုလပြည့်နေ့ | ၂၇-၇-၂၀၁၈ | ၁ ရက် |
| ၁၂။ | သီတင်းကျွတ်ရုံးပိတ်ရက်များ [အဖိတ်နေ့၊ လပြည့်နေ့၊ လပြည့်ကျော် (၁) ရက်နေ့] | ၂၃-၁၀-၂၀၁၈ မှ ၂၅-၁၀-၂၀၁၈ ထိ | ၃ ရက် |
| ၁၃။ | တန်ဆောင်တိုင်ရုံးပိတ်ရက်များ (အဖိတ်နေ့၊ လပြည့်နေ့) | ၂၁-၁၁-၂၀၁၈ မှ ၂၂-၁၁-၂၀၁၈ ထိ | ၂ ရက် |
| ၁၄။ | အမျိုးသားအောင်ပွဲနေ့ | ၂-၁၂-၂၀၁၈ | ၁ ရက် |
| ၁၅။ | ခရစ္စမတ်နေ့ | ၂၅-၁၂-၂၀၁၈ | ၁ ရက် |
| ၁၆။ | နိုင်ငံတကာနှစ်သစ်ကူးအကြိုနေ့ | ၃၁-၁၂-၂၀၁၈ | ၁ ရက် |
| ၁၇။ | အီဒွလ်အဿွာဟာပွဲနေ့ | X | ၁ ရက် |
| ၁၈။ | ဒီပါဝလီနေ့ | X | ၁ ရက် |

မှတ်ချက်။ (၁) ကရင်နှစ်သစ်ကူးနေ့ [ပြာသိုလဆန်း (၁) ရက်နေ့] သည့် ၂၀၁၈ ခုနှစ်အတွင်း ကျရောက်ခြင်း မရှိပါ။

(၂) အီဒွလ်အဿွာဟာပွဲနေ့နှင့် ဒီပါဝလီနေ့များအတွက် ကျရောက်မည့်နေ့ရက်များကို သီးခြား ကြေညာပါမည်။

(၃) ဘဏ်ပိတ်ရက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းက ကြေညာမည်ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရွေးကောက်ပွဲခုံအဖွဲ့ (၂)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

( ၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက် )

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် - ၁

**ဦးတင်ယု**

အမှတ် (၇၉၉/ခ)၊ မြို့မငြိမ်းလမ်း၊
(၇) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ လျှောက်ထားသူ
ရန်ကုန်တိုင်းဒေသကြီး။

**နှင့်**

**ဦးဝင်းမင်း**

အမှတ် (၅၃၂)၊ မကွေးလမ်း၊
(၉) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ လျှောက်ထားခံရသူ
(NLD) ရုံး၊ ရန်ကုန်တိုင်းဒေသကြီး။

**ကန့်ကွက်လွှာ**

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ဦးဝင်းမင်းအပေါ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ (ခ) (ဂ) နှင့် နည်းဥပဒေ-၈၇ တို့အရ ကန့်ကွက်လွှာတင်သွင်းခြင်း။

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့စွဲဖြင့် MD - 011467 ငွေစာရင်းခေါင်းစဉ်သို့ ငွေ ၅၀၀,၀၀၀/- (ကျပ်ငါးသိန်းတိတိ) အား ပေးသွင်း၍ သတ်မှတ်ကာလအတွင်း ဥပဒေနှင့်အညီ ကန့်ကွက်လွှာကို အောက်ပါအတိုင်း ရိုသေစွာတင်သွင်းအပ်ပါသည်။

**ကန့်ကွက်မှုဖြစ်စဉ်အကျဉ်း**

၁။ လျှောက်ထားသူသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သော ကြားဖြတ်ရွေးကောက်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့စွဲပါ ကြေညာချက်အမှတ် (၁/၂၀၁၇) အရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝင်းမင်းက ခိုင်လုံမဲ (၁၁၃၆၉) ဖြင့် အနိုင်ရရှိခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်း လျှောက်ထားခြင်းဖြစ်ပါသည်။

၃။ ဦးဝင်းမင်းသည် အောက်ပါအတိုင်း ရွေးကောက်ပွဲဥပဒေများကို ဖောက်ဖျက်လျက် တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်၍ ဆန္ဒမဲအများဆုံးရရှိသွားခဲ့ခြင်း ဖြစ်ပါသည်။

၄။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် နိုင်ငံတော်အစိုးရ တာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်နေသူ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံပိုင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တစ်နိုင်ငံလုံးသို့ မိန့်ခွန်းပြောကြားခဲ့ပါသည်။ မတ်လ ၃ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် မိန့်ခွန်းအပြည့်အစုံ ဖော်ပြခဲ့ပါသည်။ ယနေ့အချိန်အထိ ပါတီဆောင်ပုဒ်အသစ်ဖြစ်သော **"ပြည်သူနှင့်အတူ"** ဆောင်ပုဒ်အား နိုင်ငံပိုင်သတင်းစာမျက်နှာဖုံးတွင် ဖော်ပြလျက်ရှိပါသည်။

၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၅) ပုဒ်မ ၂၃၂ (ဋ) အရ **"ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ"** ဟု ပြဋ္ဌာန်းပါရှိပါသည်။

၆။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ညပိုင်းတွင် နိုင်ငံပိုင် မြန်မာ့ရုပ်မြင်သံကြားမှ နိုင်ငံတစ်ဝန်းလုံးသို့ ပြောကြားသည့် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းတွင် **"ကျွန်မတို့ရွေးကောက်ပွဲ စည်းရုံးရေးကာလတုန်းက ပြည်သူလူထုကို ပြောခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မဲပေးပါ။ ကျွန်မတို့ကိုယ်စားလှယ်တွေဟာ မဟုတ်မမှန်တာလုပ်လို့ရှိရင် ကျွန်မတို့ကိုယ်တိုင် တာဝန်ယူပြီးတော့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ပါ့မယ် ဆိုပြီးတော့ ကျွန်မတို့ကတိပေးခဲ့ပါတယ်။ ဒီကတိအတိုင်းလည်း ကျွန်မတို့ဆောင်ရွက်ခဲ့ပါတယ်။" "အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလို့ ပြောချင်လို့မဟုတ်ဘူး။ ကျွန်မတို့တာဝန်ယူပါတယ်ဆိုတာကို ပြောချင်တာ ဖြစ်ပါတယ်။" "ကျွန်မတို့အရင်နှစ်တုန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ နိုင်ငံရဲ့တာဝန်ကို စပြီးတော့ ယူစဉ်တုန်းကဆိုလို့ရှိရင် ကျွန်မတို့ "ပြောင်းလဲချိန်တန်ပြီ" ဆိုတဲ့ ဆောင်ပုဒ်နဲ့ယူခဲ့ပါတယ်။ အဲ့ဒီတော့ ကျွန်မတို့ အခုတစ်နှစ်ကြာပြီဆိုတော့ ဆောင်ပုဒ်ကိုလည်း ကျွန်မတို့နည်းနည်းပြောင်းပြီးတော့ သွားရရင်ကောင်းမယ်လို့ ကျွန်မထင်ပါတယ်။ အဲ့ဒီတော့ ကျွန်မစဉ်းစားပါတယ်။ ဘယ်လိုဆောင်ပုဒ်မျိုးနဲ့ ဆက်သွားရင်ကောင်းမလဲ ဆိုတော့ တိုတိုတုတ်တုတ်နဲ့ အဓိပ္ပာယ်ပေါ်လွင်အောင် "ပြည်သူနှင့်အတူ" လို့ ကျွန်မတို့ဆက်ပြီးတော့ ဒီခရီးလမ်းကို ပြည်သူနှင့်အတူ လျှောက်သွားချင်ပါတယ်။"** ဟု ပြောကြားခဲ့ပါသည်။ ဤပြောကြားချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ပြီး ပြည်သူအား မဲဆွယ်စည်းရုံးခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါသည်။

၇။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့သည် ရွေးကောက်ပွဲမကျင်းပမီ (၁) ရက်အလိုဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၇) ပါ ညွှန်ကြားချက်တွင် **"ရွေးကောက်ပွဲကော်မရှင်၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်အား ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ (၁) ရက်အလိုအထိ မဲဆွယ်စည်းရုံးခွင့်ရရှိမည်ဖြစ်သည်"** ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့သည် ယင်းပြဋ္ဌာန်းချက်အရ မဲဆွယ်စည်းရုံးခွင့်မရှိသောနေ့ ဖြစ်ပါသည်။

၈။ ထို့ပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပါတီနာယက ဦးတင်ဦးသည် အစိုးရသစ် တစ်နှစ်တာ ခရီးလမ်းအပေါ် သဘောထားအမြင် တင်ပြရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏အလံ၊ ရင်ထိုး

တံဆိပ်များအား တပ်ဆင်၍ နိုင်ငံပိုင်မြန်မာ့ရုပ်မြင်သံကြားနှင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာများမှတစ်ဆင့် ပြည်သူသို့ တင်ပြခဲ့ပါသည်။

၉။ အလားတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းထိန်၏ အစိုးရသစ် တစ်နှစ်တာ ဆောင်ရွက်ချက်များအပေါ် သုံးသပ်ပြောကြားချက်များအား ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့၌ နိုင်ငံပိုင် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းထုတ်လွှင့်၍ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် နိုင်ငံပိုင် သတင်းစာများမှတစ်ဆင့် ပြည်သူသို့ တင်ပြခဲ့ပါသည်။ ယင်းသို့ တင်ပြရာတွင် အစိုးရတစ်ရပ်၏လုပ်ဆောင်မှုကို တင်ပြခြင်းမဟုတ်ဘဲ ၎င်းတို့ပါတီအတွက် အကျိုးပြု ပိုမိုယုံကြည်စေသော **"အခု ကျွန်တော်တို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ယူတဲ့ ဦးထင်ကျော်နဲ့ ဒေါ်အောင်ဆန်းစုကြည်က စပြီး အောက်ခြေတာဝန်ယူရတဲ့ ပုဂ္ဂိုလ်အားလုံးဟာ စေတနာအပြည့်ရှိတယ်။ စေတနာအပြည့်ရှိသော်လည်း လုပ်တာကိုင်တာ မှားယွင်းတာတချို့ရှိတယ်။ ဒါတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ဟာ ကိုယ်မှားယွင်းတာကို ပြင်ဖို့ ဝန်မလေးဘူး"** စသည်ဖြင့် ဖော်ပြခဲ့ပါသည်။

၁၀။ ယင်းကဲ့သို့ ပြောဆိုဖော်ပြမှုများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကိုယ်စားလှယ်လောင်းများ အတွက် မဲဆွယ်ရာရောက်ပါသည်။ **"နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်အပိုဒ် ၆-၁ (ခ) အရ နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ ဒေသန္တရအဆင့် (သို့မဟုတ်) အခြားသောနိုင်ငံတော်ပိုင် အရင်းအမြစ်များကို လူထုမဲဆွယ်စည်းရုံးရေးအတွက် အသုံးပြုခြင်း (သို့မဟုတ်) ဥပဒေအရ ခွင့်ပြုထားသည့် နိုင်ငံရေးလုပ်ငန်းများတွင် အခြားသူများအား မပါဝင်နိုင်စေရန် လုပ်ဆောင်ခြင်း"** ဟု ဖော်ပြပါရှိပါသဖြင့် **"နိုင်ငံတော်ပိုင် သတင်းစာများမှ ပုံနှိပ်ဖော်ပြခြင်းသည် ဤကျင့်ဝတ်ကို ဖောက်ဖျက်ကျူးလွန်ရာရောက်ပါသည်။"** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်အမှတ် (၁/၂၀၁၇) ပါ **"ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်နှင့် ရပ်နားထားရမည့် နေ့ရက်အချိန် အသိပေးထုတ်ပြန်ခြင်း"** စာပိုဒ် (၂) တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း (၆၀) (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက် ၀၆း၀၀ နာရီမှ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ည ၁၂း၀၀ နာရီအထိ) ခွင့်ပြုပါသည်။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ည ၁၂း၀၀ နာရီအချိန်မှ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြီးသည်အထိ **"ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည်ဖြစ်ပါသည်။"** ဟူသော ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန် နေကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

၁၁။ ယင်းသို့ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ခေါင်းဆောင် များ၏ ဆောင်ရွက်ချက်များသည် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များ၊ နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်းများ၏ ကျင့်ဝတ်များကို အတိအလင်း ချိုးဖောက်လျက် ရွေးကောက်ပွဲတွင် တစ်ဖက်သတ် အသာစီးရယူခဲ့မှုကြောင့် လျှောက်ထားသူ ရသင့်ရထိုက်သော ဆန္ဒမဲများ မဲရုံအသီးသီးတွင် မရရှိခဲ့သည့် အခြေအနေသို့ ရောက်ရှိခဲ့ရပြီး လျှောက်ထားခံရသူ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ကိုယ်စားလှယ်လောင်း ဦးဝင်းမင်း အနိုင်ရရှိသွားခြင်းသည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ (ခ) အရ ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်၏ အကျိုးငှာ တရားမဲ့ပြုကျင့်ရာ ရောက်သည့်အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီခေါင်းဆောင်တို့၏ ရွေးကောက်ပွဲဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်မှုများကြောင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၁ (ဂ) အရ တရားမျှတသော ရွေးကောက်ပွဲမဟုတ်ကြောင်း ထင်ရှားပေါ်လွင်လျက် ရှိပါသည်။"**

၁၂။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် လိုက်နာရမည့် ကျင့်ဝတ်များကို ဖောက်ဖျက်ကျူးလွန်လျက် တရားမဲ့ပြုကျင့်မှုများ ပြုလုပ်၍ ရွေးကောက်ပွဲအနိုင်ရရှိသွားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၊ လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝင်းမင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ပေးပြီး၊ ဦးဝင်းမင်းရရှိသော မဲများမပါရှိခဲ့သော် ခိုင်လုံသော မဲအများဆုံးရရှိနိုင်မည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း လျှောက်ထားသူ ဦးတင်ယု အား ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြု ကြေညာပေးပါရန် ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည်။

ဦးတင်ယု<br>
လျှောက်ထားသူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ရွေးကောက်ပွဲခုံအဖွဲ့ (၁)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

( ၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**၂၀၁၇ ခုနှစ်၊ ပါတီစုံကြားဖြတ်ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် - ၄**

**ဒေါက်တာဝဏ္ဏစိုး**<br>
အမှတ် (၃)၊ တာချီလိတ်လမ်း၊<br>
ကျောက်တိုင်ရွှေ့၊ အမှတ် (၃) ရပ်ကွက် လျှောက်ထားသူ<br>
ကျိုင်းတုံမြို့။

**နှင့်**

**ဦးရှာမွေလရှဲန်**<br>
အမှတ် (၂)၊ နောင်လိတ်လမ်း<br>
ကျိုင်းအင်းရပ်၊ အမှတ် (၅) ရပ်ကွက် လျှောက်ထားခံရသူ<br>
ကျိုင်းတုံမြို့။

## ကန့်ကွက်လွှာ

## ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်ကျင်းပသော ပါတီစုံအထွေထွေကြားဖြတ်ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးရှာမွေလရှဲန် အား တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၇၊ ၆၈ နှင့် နည်းဥပဒေ ပုဒ်မ ၈၇ တို့အရ ကန့်ကွက်လွှာတင်သွင်းခြင်း

အထက်ပုံစံပါလျှောက်ထားသူက အောက်ပါအတိုင်းကန့်ကွက်လွှာတင်သွင်းလျှောက်ထားအပ်ပါသည်။

**ကန့်ကွက်မှုဖြစ်စဉ်အကျဉ်းချုပ်**

၁။ လျှောက်ထားသူသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သော ပါတီစုံအထွေထွေကြားဖြတ်ရွေးကောက်ပွဲ၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားပြုကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။

၂။ အထက်ပါ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်လောင်း ဦးရှာမွေလရှဲန် (လျှောက်ထားခံရသူ) က ခိုင်လုံမဲ (၇၀၂၆) မဲရရှိပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါက်တာဝဏ္ဏစိုး (လျှောက်ထားသူ) က ခိုင်လုံမဲ (၄၅၁၈) မဲနှင့် လျှောက်ထားခံရသူ ဦးရှာမွေလရှဲန်က မဲအများဆုံးရရှိသူဖြစ်ကြောင်း ကြော်ငြာခဲ့ပါသည်။

၃။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ (၄၉-ခ) နှင့်အညီ ထုတ်ပြန်ကြော်ငြာချက်အရ ၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်၏ ကြော်ငြာချက်အမှတ် (၂/၂၀၁၇) ဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ၏ ပြည်နယ်လွှတ်တော်အဖြစ် လျှောက်ထားခံရသူ ဦးရှာမွေလရှဲန် အား ရွေးချယ်ခံရကြောင်း ကြော်ငြာချက်အပေါ် ကန့်ကွက်လွှာတင်သွင်း လျှောက်ထားရခြင်းဖြစ်ပါသည်။

သို့ပါ၍ လျှောက်ထားသူ ဒေါက်တာဝဏ္ဏစိုးသာလျှင် ခိုင်လုံမဲအများဆုံးရသည်မှာ အမှန်ဖြစ်ကြောင်းနှင့် ရွေးကောက်တင်မြှောက်ခံရသည့် လျှောက်ထားခံရသူ ဦးရှာမွေလရှဲန် ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါရှိခဲ့သော် လျှောက်ထားသူသာ ခိုင်လုံမဲအများဆုံးကို ရရှိနိုင်သူဖြစ်ကြောင်း အောက်ပါအတိုင်း အကြောင်းပြလျှောက်ထားအပ်ပါသည်။

ရက်စွဲ ။ ။ ၄-၅-၂၀၁၇ လျှောက်ထားသူ

**အကြောင်းပြချက်များ**

၁။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) တွင် ရွေးကောက်ပွဲဥပဒေအခန်း (၁၄) ပုဒ်မ ၆၆ (ခ) အား ကျူးလွန်ထားသည်မှာ ကျိုင်းတုံမြို့၊ အမှတ် (၁) ရပ်ကွက် မဲရုံအမှတ် (၃) တွင် မဲစာရင်းအမှတ်စဉ် (၂၆၂၁) ဦးရဲဝင်းထွန်း (ဘ) ဦးမောင်မြသည် ပုံစံ (၁၃) ကြိုတင်မဲပေးသူစာရင်းအမှတ်စဉ် (၄၀) မဲအမှတ်စဉ် (၁၉) ကြိုတင်မဲလက်မှတ် လက်ခံဖြတ်ပိုင်းအမှတ် (၁၉) ဖြင့်တစ်ကြိမ်၊ ပုံစံ (၁၃) ကြိုတင်မဲပေးသူစာရင်းအမှတ်စဉ် (၄၀) မဲလက်မှတ် လက်ခံဖြတ်ပိုင်းအမှတ် (၂၀) ဖြင့် အကြိမ်ပေါင်း(၂) ကြိမ် ကြိုတင်မဲပေးထားသည်ကို တွေ့ရှိရပါသည်။

၂။ ရွေးကောက်ပွဲဥပဒေအခန်း (၁၄) ပုဒ်မ ၆၆ (င) နှင့် ၆၆ (ဆ) အရ တရားမဲ့ပြုကျင့်မှုပေါ်ပေါက်သည်မှာ ကျိုင်းတုံမြို့၊ ပင်းတောက်ကျေးရွာအုပ်စု၊ ဝမ်ပင်းရွာဘောလုံးကွင်းတွင် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့၌ ပြည်ခိုင်ဖြိုးပါတီအဖွဲ့ စည်းရုံးဟောပြောပွဲပြုလုပ်ကျင်းပစဉ် တက်ရောက်လာကြသောပရိသတ် (၅၀၀) ကျော် (၆၀၀) ခန့်အား ထမင်းကျွေးခြင်း၊ တစ်ဦးလျှင် ငွေ (၂,၀၀၀/-) (၃,၀၀၀/-) နှင့် (၅,၀၀၀/-) စသည်ဖြင့် ခရီးအနီးအဝေးပေါ်မူတည်ပြီး ပြည်ခိုင်ဖြိုးပါတီကို မဲပေးကြရန်စည်းရုံး၍ ပေးခဲ့ခြင်း၊ တစ်ဦးလျှင် ပြည်ခိုင်ဖြိုးအမှတ်တံဆိပ်ပါ အင်္ကျီ (၂) ထည်စီ ပေးဝေခဲ့ခြင်းတို့ကို ပြုမူခဲ့ပါသည်။

ပင်းတောက်ကျေးရွာအုပ်စုတွင် အုပ်ချုပ်ရေးမှူး ဦးယေရမိသည် ၎င်း၏ကျေးရွာအုပ်စုအတွင်း ကျေးရွာ (၁၄) ရွာရှိ လူထုကိုဆင့်ခေါ်ပြီး ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ စည်းရုံးဟောပြောခြင်းကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင်ပြုလုပ်ရာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

၃။ ရွေးကောက်ပွဲဥပဒေ အခန်း (၁၄) ပုဒ်မ ၆၆ (ည) အရ တရားမဲ့ပြုကျင့်မှုပေါ်ပေါက်သည်မှာ ကျိုင်းတုံမြို့နယ်၊ ပန်မတ်ကျေးရွာအုပ်စု၊ ပန်မတ်ကျေးရွာ မဲရုံအမှတ် (၁) ပြည်သူ့စစ် ဦးကျောဂျေပိုင်းနှင့် ဦးဘိသူတို့မှ လက်နက်ဖြင့် မဲရုံပရိဝုဏ်အတွင်းတွင်စောင့်ကြည့်နေပြီး မဲရုံပိတ်ချိန် ညနေ (၄) နာရီမထိုးမီ (၁း၄၅) နာရီခန့်တွင် မဲရုံပိတ်ခိုင်းခြင်း၊ နားဥကျေးရွာမဲရုံအမှတ် (၂) နှင့် ပင်းတောက်ကျေးရွာမဲရုံတို့တွင် ပြည်သူ့စစ်များက လက်နက်များဖြင့် စောင့်ကြည့်မှုများ ပြုမူခဲ့ပါသည်။

၄။ ရွေးကောက်ပွဲဥပဒေ အခန်း (၁၄) ပုဒ်မ ၆၆ (ဇ) အရ တရားမဲ့ပြုကျင့်မှုပေါ်ပေါက်သည်မှာ ပြည်ခိုင်ဖြိုးပါတီကိုယ်စားလှယ်လောင်း (လျှောက်ထားခံရသူ) ၏လက်ကမ်းစာစောင်နှင့်ပိုစတာများတွင် ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ (အမည်၊ နေရပ်၊ နသခွင့်ပြုမိန့်) မပါရှိကြောင်း တွေ့ရှိရပါသည်။

၅။ ရွေးကောက်ပွဲဥပဒေ အခန်း (၁၄) ပုဒ်မ ၆၆ (ဆ) အရ တရားမဲ့ပြုကျင့်မှုမြောက်ကြောင်း ပန်မတ်ကျေးရွာအုပ်စု၊ နားအူကျေးရွာအမှတ် (၂) တွင် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်ည၌ ပြည်ခိုင်ဖြိုးပါတီဝင်များသည် ရောက်ရှိလာပြီး ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက် (၅) နာရီခန့်တွင် မဲရုံလာရောက်သူများအား ကာနကျယ်ကျေးရွာတွင်စောင့်ဆိုင်း၍ ခေါ်ဆောင်လာရန် ဆိုင်ကယ်တစ်စီးလျှင် ဓာတ်ဆီ (၁) လီတာစီ ထည့်ပေး၍ ဓာတ်ဆီမဖြည့်သူ ပလောင်လူမျိုးများကို ငွေ (၂,၀၀၀/-) စီပေးပြီး ဓာတ်ဆီဖိုးပေးပြီးပြီ၊ ပြည်ခိုင်ဖြိုးပါတီကိုပဲ မဲပေးရမည်ဟုခိုင်းစေခဲ့ကြသည်ကို ပြုမူခဲ့ကြပါသည်။

၆။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ (ဂ) အရ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲမဟုတ်ကြောင်း ပေါ်လွင်သည်မှာ မိုင်းခွန်ကျေးရွာမဲရုံအမှတ် (၅) တွင် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့က မဲစာရင်း လူဦးရေထက် ပို၍ (၄၂) မဲ ပိုပေးထားကြောင်း တွေ့ရှိရပါသည်။

၇။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ (၂) အရ ဒေါ်ခိုင်စံပယ်သည် ဆန္ဒမဲပေးသူ သုံးပုံနှစ်ပုံခန့်တို့က ဆန္ဒမဲတံဆိပ် မထုတတ်ပါ၍ ၎င်းကိုယ်တိုင် မဲဆန္ဒရှင်များ၏လက်ကိုကိုင်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားလှယ်လောင်း ဦးရှာမွေလရှဲန်ကို ဆန္ဒမဲပေးခြင်း။

၈။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ (၂) အရ ပင်းတောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ၎င်းအုပ်စု အတွင်းနေထိုင်ကြသော အဲန်တိုင်းရင်းသားကျေးရွာများဖြစ်သော နမ့်လင်းမိုင်ရွာ၊ ဝမ်ကောင်ရွာ၊ ဝမ်လောင် ရွာနှင့် ပန်ကျော်ရွာ (ပါလေ) စသည့်ကျေးရွာ (၄) ရွာ၏ မဲပေးသူ (၅၀၀) ကျော် (၆၀၀) ခန့်သော မဲတိုကင် များကို ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်မှ နမ့်လင်းမိုင်ရွာသူကြီးအား ကျိုင်းတုံမြို့တွင်တွေ့ဆုံစဉ် ထုတ်ပေးခဲ့ပြီး ၎င်းသူကြီး ဦးအိုက်ကျိမ်းမှတစ်ဆင့် ရွာမှလူငယ် မောင်ရှေမ၊ မောင်ယောဟန် တို့အားစေခိုင်း၍ သက်ဆိုင်ရာကျေးရွာလူကြီးများသို့ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ညနေဘက်တွင် ပေးအပ်ခဲ့ပါသည်။ အဲန်လူမျိုးသူကြီးများသည် မြန်မာစာမဖတ်တတ်၍ မဲတိုကင်ပါအမည်နှင့် မဲဆန္ဒရှင်ကိုက်ညီအောင် ထုတ်ပေးနိုင်မှုမရှိခြင်းကြောင့် မဲတိုကင်လက်မှတ်ရရှိသူများ မဲရုံသို့ရောက်သောအခါ အမည်နှင့်လူကွဲလွဲနေ ပါ၍ မဲထည့်ခွင့်မရခြင်း၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ မဲစာရင်းထုတ်ပြန်ကြေညာသည့်အချိန်မှစတင်၍ လုံလောက်စွာရရှိခဲ့သော်လည်း မဲပေးရန်အလွန်နီးကပ်မှ မဲတိုကင်များကို ကိုယ်တိုင်ပေးဝေခြင်းမပြုဘဲ တစ်ဆင့်ခံပေးဝေစေခြင်းဖြင့် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ခြင်း [ပါကျော် ရွာသူကြီးလက်ဝယ်ပေးဝေနိုင်ခြင်းမရှိသော မဲတိုကင်လက်မှတ် (၁၃၉) စောင်တွေ့ရှိခဲ့ရခြင်း]

၉။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ (စ) အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသန်းဌေးကိုယ်တိုင်ဦးဆောင်လျက် ကိုယ်စားလှယ်လောင်း ဦးရှာမွေလရှဲန် လိုက်ပါကာ ပင်းတောက်ကျေးရွာအုပ်စု၊ ဝမ်ပင်းရွာဘောလုံးကွင်းတွင် လူထု (၆၀၀) ကျော် (၇၀၀) ခန့်အား တွေ့ဆုံဟောပြောပွဲ၌ လာရောက်သူတစ်ဦးကို ငွေ ၂,၀၀၀/- နှုန်းဖြင့် ငွေ ၁၂,၀၀,၀၀၀/- ကျော် (ကျပ်တစ်ဆယ့်နှစ်သိန်းတိတိ) ထုတ်ပေး၍ မဲဆွယ်ခဲ့သည်ကိုလည်းကောင်း၊ နံနက်စာအဖြစ် တစ်ဦးလျှင် ကြက်ဥတစ်လုံး ထမင်းကြော်ဖော့ဘူးတစ်ဘူးအတွက် သုံးစွဲငွေတစ်ဦးလျှင် ငွေ ၁,၀၀၀/- (တစ်ထောင်ကျပ်) နှုန်းဖြင့်တွက်ပါက ၎င်းကုန်ကျစရိတ်ငွေ ၆၀၀,၀၀၀/- (ကျပ်ခြောက်သိန်းတိတိ) နှင့် အစည်းအဝေး တက်ရောက်လာသူတစ်ဦးလျှင် ကြံ့ခိုင်ရေးတံဆိပ်ပါ တီရှပ်အင်္ကျီ (၂) ထည်ပေးဝေခြင်းအတွက် အင်္ကျီ တစ်ထည် ကျပ် ၂,၀၀၀/- (နှစ်ထောင်ကျပ်) နှုန်းဖြင့်ခန့်မှန်းသော် ကုန်ကျမည့်ငွေ ၂၄,၀၀,၀၀၀/- (ကျပ်နှစ်ဆယ့်လေးသိန်းတိတိ) ကို အသုံးစရိတ်ရှင်းတမ်း၌ ထည့်သွင်းဖော်ပြခြင်းမပြုဘဲ ထိမ်ချန်လျက် ငွေစာရင်းလိမ်လည်ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၁၀။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ (စ) အရ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ပန်မတ်ကျေးရွာအုပ်စု၊ မဲရုံအမှတ် (၂) နားဉမဲရုံ၌ ကြံ့ခိုင်ရေးပါတီဝင်တစ်ဦးမှ မဲပေးလာသူတစ်ဦးလျှင် ဓာတ်ဆီဖိုးငွေ ၂,၀၀၀/- ပေး၍ ကြံ့ခိုင်ရေးပါတီကိုယ်စားလှယ်အား မဲထည့်ခိုင်းရာ၌ အသုံးပြုကုန်ကျစရိတ်နှင့် မိုင်းပတ် (အောက်) ကျေးရွာအုပ်စု၊ နမ့်လင်းတောင်းရွာ၊ မဲရုံအမှတ် (၁) တွင် လုံခြုံရေးတာဝန်ချထားသောပြည်သူ့စစ်၊ မဲရုံအဖွဲ့နှင့် ရွာသူကြီးများ၊ မဲလာပေးသူများအား ထမင်းကျွေးရာ၌ ဝယ်ယူသောဝက်သားပိဿာ ၂၀ (၂၀ x ၆,၀၀၀/-) (၁,၂၀,၀၀၀/-) တို့ကို ငွေစာရင်းရှင်းတမ်းတွင် ထည့်သွင်းခြင်းမရှိဘဲ မမှန်မကန်လိမ်လည်ဖော်ပြထားသည်ကို တွေ့ရှိပါသည်။

၁၁။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ (စ) အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ ပင်းတောက်ကျေးရွာ အုပ်စု၊ ဝမ်ပင်းရွာဘောလုံးကွင်းတွင်ပြုလုပ်သော မဲဆွယ်ဟောပြောပွဲအတွက် တစ်နေ့လျှင် လူ (၁၀) ဦးဖြင့်

(၃) ရက်ငှားရမ်းပြီး အခမ်းအနားပြင်ဆင်ခဲ့မှုအတွက် ကုန်ကျစရိတ်ငွေ ၃၀၀,၀၀၀/- (၁၀ ဦး x ၁၀,၀၀၀/- x ၃ ရက်) ခန့်ကိုလည်းကောင်း၊ ၎င်း ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ အမှတ် (၁) ရပ်ကွက်၊ ဝေါ်နိမ့်ရွာတွင် ပြုလုပ်သောမဲဆွယ်ဟောပြောပွဲအတွက် အခမ်းအနားပြင်ဆင်စရိတ်နှင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ကျိုင်းတုံမြို့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးရုံးခန်း၌ပြုလုပ်သော တွေ့ဆုံပွဲအတွက် အခမ်းအနားပြင်ဆင်စရိတ်များတို့ကိုလည်းကောင်း ပုံစံ (၂၀) ငွေစာရင်းရှင်းတမ်းတွင် ထည့်သွင်းဖော်ပြခဲ့ခြင်းမရှိဘဲ ငွေစာရင်းရှင်းတမ်းကို မမှန်မကန်လိမ်လည်ဖော်ပြခဲ့သည်ကို စိစစ်တွေ့ရှိရပါသည်။

၁၂။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ (စ) အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ကိုယ်စားလှယ် ငွေစာရင်းရှင်းတမ်းတွင် ရငွေအဖြစ် ၂၀၁၇ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီထံမှ ငွေကျပ် ၅၃,၄၃,၈၁၀/- ရရှိသည်ဟု ဖော်ပြထားသော်လည်း အသုံးစရိတ်သုံးစွဲငွေများမှာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မတ်လ ၄ ရက်ကာလအတွင်း ငွေ ၃၅,၆၂,၄၁၀/- သုံးစွဲထားသည်ကို စိစစ်တွေ့ရှိရပါသည်။ ၎င်းအသုံးစရိတ်များအတွက် ရငွေမဖော်ပြဘဲ ငွေစာရင်းကို မမှန်မကန်လိမ်လည်တင်ပြထားခြင်းနှင့် ရှမ်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီထံမှရငွေသည် ငွေ ၅၃,၄၃,၈၁၀/- တွင် ကျပ်ဆယ်ဂဏန်းအထိ ပါဝင်နေခြင်းသည် များစွာသံသယဖြစ်ဖွယ်ဂဏန်းဖြစ်ပါ၍ ရှမ်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံး၊ တောင်ကြီးမြို့၏ငွေစာရင်းစာအုပ်စာရင်းရေးသွင်းချက်ကို တိုက်ဆိုင်စစ်ဆေးခြင်းဖြင့် လိမ်လည်မှု ဟုတ် မဟုတ် ဖော်ထုတ်ပေးရန် တင်ပြအပ်ပါသည်။

၁၃။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ (စ) အရ အသုံးစရိတ်ပြေစာ (၇၅) စောင်ပေါ်တွင် ကပ်ထားသော ၅/- တန်အခွန်ခေါင်း ၇၅ လုံး၊ တန်ဖိုးငွေ ၃၇၅/- ကို ငွေစာရင်းတွင် ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

၁၄။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ (စ) အရ ရွေးကောက်ပွဲကာလလွန် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့နောက်ပိုင်းအသုံးစရိတ်ဖြစ်သော ပုံနှိပ်ခပြေစာအမှတ်၊ ၄၅/ ၃. ၄. ၂၀၁၇ ငွေ ၈၀,၀၀၀/- (ကျပ်ရှစ်သောင်းတိတိ) ကို အသုံးစရိတ်ရှင်းတမ်းတွင် ထည့်သွင်းဖော်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်။

၁၅။ ရွေးကောက်ပွဲဥပဒေအရ သတ်မှတ်ထားသောအမှုစရိတ်အတွက် ငွေ ၅,၀၀,၀၀၀/- (ငါးသိန်းကျပ်တိတိ) ကို ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ပေးသွင်းပြီးကြောင်း ဘဏ်ချလန်မူရင်းကို တင်သွင်းပါသည်။

၁၆။ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှ ဦးရှာမွေလရှဲန်အား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ထုတ်ပြန်သည့်ကြော်ငြာချက်အမှတ် (၂/၂၀၁၇) အရ ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ကန့်ကွက်လွှာတင်သွင်းသည့်အတွက် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ အပိုဒ်-၈၇ အရ ကာလစည်းကမ်း (၄၅) ရက်အတွင်း ကျရောက်ပါသည်။

အဆိုပါ ဦးရှာမွေလရှဲန်ရရှိသော (၇၀၂၆) မဲများသည် တရားမဲ့ပြုကျင့်၍ ရရှိသောမဲများသာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လျှောက်ထားသူ ဒေါက်တာဝဏ္ဏစိုးသာလျှင် ခိုင်လုံမဲပေါင်း (၄၅၁၈) မဲဖြင့် အများဆုံးရသည်မှာအမှန်ဖြစ်ကြောင်းနှင့် ရွေးကောက်တင်မြှောက်ခံရသည့် လျှောက်ထားခံရသူ ဦးရှာမွေလရှဲန် ရရှိသည့်

မဲများသည် တရားမဲ့ပြုကျင့်မှုများဖြင့် မဲအများဆုံးကို ရယူခဲ့ခြင်းဖြစ်ကြောင်းနှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲမဟုတ်ကြောင်းတို့အရ တရားမဲ့ပြုကျင့်မှုများကြောင့် ရရှိသောမဲများမပါရှိခဲ့သော် လျှောက်ထားသူသာ ခိုင်လုံမဲအများဆုံးရရှိသူဖြစ်ကြောင်း လေးစားစွာလျှောက်ထားအပ်ပါသည်။

သို့ဖြစ်ပါ၍ ဦးရှာမွေလရှန်မှ တရားမဲ့ပြုကျင့်မှုများနှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲမဟုတ်ကြောင်းဖြင့် မဲအများဆုံးရရှိသော (၇၀၂၆) မဲကိုပယ်ဖျက်ပြီး ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်၏ကြော်ငြာချက်အမှတ် (၂/၂၀၁၇) အရ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရှာမွေလရှန် ဖြစ်ကြောင်းကြော်ငြာချက်ကိုပယ်ဖျက်၍ လျှောက်ထားသူ ဒေါက်တာဝဏ္ဏစိုး အား ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်ပြည်နယ် လွှတ်တော်အမှတ် (၂) ၏လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုကြော်ငြာပေးသည့် အမိန့်တစ်ရပ် ချမှတ်ပေးပါရန် လေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်။

ဒေါက်တာဝဏ္ဏစိုး
လျှောက်ထားသူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၆)**
၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

**စကားရပ်များအစားထိုးသည့်ဥပဒေအရ လုပ်ပိုင်ခွင့်များအပ်နှင်းခြင်း**
**အမိန့်ကြော်ငြာစာအမှတ် (၂/၈၉) ကို ပြင်ဆင်ခြင်း**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ၁၉၈၉ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင်ထုတ်ပြန်ခဲ့သော“စကားရပ်များအစားထိုးသည့်ဥပဒေအရ လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်း” အမိန့်ကြော်ငြာစာအမှတ် (၂/၈၉) ကို အောက်ပါအတိုင်းပြင်ဆင်လိုက်သည် -

(က) အမှတ်စဉ် ၂၃ နှင့် အမှတ်စဉ် ၂၆ တို့အတွက် သတ်မှတ်ထားသည့်လုပ်ပိုင်ခွင့်ရှိသူ ဇယားတိုင်တွင် ပါရှိသော လုပ်ပိုင်ခွင့်ရှိသူများကို အောက်ပါအတိုင်း အစားထိုးသည် -

“(က) မြို့နယ်သာသနာရေးမှူး၊

(ခ) ခရိုင်သာသနာရေးမှူး၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးမှူး။”

(ခ) အမှတ်စဉ် ၂၇ အတွက် သတ်မှတ်ထားသည့် လုပ်ပိုင်ခွင့်ရှိသူ ဇယားတိုင်တွင်ပါရှိသော “ပြည်နယ် သို့မဟုတ် တိုင်းသာသနာရေးဦးစီးမှူး” ဆိုသည့်စကားရပ်အစား အောက်ပါအတိုင်း အစားထိုးသည် -

“(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးမှူးက တာဝန်ပေးအပ်သူ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးမှူး။”

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညိမ်းလွင်သည် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းကို လိုက်နာမှု မရှိဘဲ ရှေးဟောင်းအဆောက်အအုံတည်ရှိရာဇုန် (MZ) အတွင်း ကျရောက်လျက်ရှိသော နန်းတော်မြို့ရိုး ပထမတံတိုင်းနှင့် ဒုတိယတံတိုင်းကြားရှိ ရုံးအဆောက်အဦဘေးတွင် တိုးချဲ့ဆောက်လုပ်ခြင်း (အဖီချခြင်း)ကို ၎င်း၏သဘောဆန္ဒအလျောက် ဆောင်ရွက်ခဲ့ကြောင်း ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့၏ စိစစ်တွေ့ရှိချက်အရ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၁၁)၊ ပုဒ်မ ၅၃ (ဂ) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၁၉)၊ နည်းဥပဒေ (၂၁၀) (ဂ) တို့အရ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခြင်း (၁) နှစ် ရပ်ဆိုင်းသည့် ပြစ်ဒဏ် ချမှတ်လိုက်သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညိမ်းလွင်ကို နောင်တွင် အလားတူဖြစ်စဉ်မျိုး ထပ်မံ မဖြစ်စေရန် နောက်ဆုံးအကြိမ် သတိပေးလိုက်သည်။

သက်ဆိုင်ရာအရာထမ်းအနေဖြင့် အမိန့်စာလက်ခံရရှိသည့်နေ့မှစ၍ (၆) လအတွင်း နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အယူခံလွှာတင်သွင်းနိုင်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် (၇/၂၀၁၆) သဘောတူညီချက်အရ သမိုင်း သုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့် အား ၎င်း၏ မူလတာဝန်ဝတ္တရားများအပြင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဒုတိယအမြဲတမ်း အတွင်းဝန်၏ တာဝန်ဝတ္တရားများကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှစ၍ ပူးတွဲတာဝန်ထမ်းဆောင် စေလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒာမွန်းအား နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

အမြဲတမ်းအတွင်းဝန်/ တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒာမွန်းအား ခံစားခွင့်ရက်များ ကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်း အဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၈/ ၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း အား နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ သက်ပြည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း အား ခံစားခွင့်ရက်များ ကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့် ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၂/ ၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ သင်တန်းရေးရာဌာနခွဲမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) မော်ကွန်းထိန်း ဒေါ်ခင်ညိုအောင်၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

အဆိုပါ ငြင်းပယ်ထားသော သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၃/ ၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက်)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း အား ယင်းဦးစီးဌာန၊ အမျိုးသားပြတိုက် (နေပြည်တော်) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဒုတိယညွှန်ကြားရေးမှူး ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှ စ၍ လစာနှုန်းတူ ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

**ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံ သစ်တောဥပဒေ ပုဒ်မ-၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့်အခွင့်အာဏာများကို သုံးစွဲလျက် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုကြိုးဝိုင်းအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၇. ၁၈) ဧကရှိမြေကို (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်) နေ့မှစ၍ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သည်။

၁။ **ကြိုးဝိုင်းတောအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| စဉ် | ကြိုးဝိုင်းတောအမည် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| (က) | တောင်ညိုကြိုးဝိုင်း (တစ်စိတ်တစ်ဒေသ) | နေပြည်တော် | ဥတ္တရ | ဥတ္တရသီရိ | ၇. ၁၈ |
| | **စုစုပေါင်း** | | | | **၇. ၁၈** |

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

**ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဘုရားတောင်ရဲစခန်း (၇. ၁၈) ဧက၏ နယ်နိမိတ်အလားအလာများ**

မြောက်ဘက် ။ ။ ခတ်ချိုရိုး ခန့်မှန်းမြေပုံညွှန်း (Q-၃၅၁၃၈၅) မှ အစပြု၍ အရှေ့တောင်ဘက်သို့ (၅၀၄) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၅၄၃၈၄) အထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ (၆၉၆) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၅၃၃၈၂) အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၆၄၁) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၅၂၃၈၃)အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၅၈၂) ပေခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (Q-၃၅၁၃၈၅) ရောက်သည်အထိ။

၃။ **ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရသည့်အကြောင်းအရာ**

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုကြိုးဝိုင်းမှ ဧရိယာ (၇. ၁၈) ဧကအား ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး လုံခြုံရေးဆောင်ရွက်နိုင်ရန်အတွက် အမြန်လမ်းရဲစခန်းမြေနေရာအဖြစ် လွှဲပြောင်းသတ်မှတ်နိုင်ရန်အတွက် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရခြင်း ဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၉/၂၀၁၆)

### ကြိုးဝိုင်းတောနယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၁၆) အရ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့်ကြိုးဝိုင်းတော၏ နယ်နိမိတ် အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁။ တောင်ညိုကြိုးဝိုင်းကို သစ်တောဦးစီးဌာန၏ ၁၈၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၀၂) အရ ဧရိယာအကျယ်အဝန်း (၆၆၉၈၀) ဧကဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အဆိုပါ တောင်ညိုကြိုးဝိုင်းအတွင်းမှ ဧရိယာ (၁၄၅၈၄.၉၈) ဧကကို ပယ်ဖျက်ပေးခဲ့ပြီး ယခုဧရိယာ (၇.၁၈) ဧကအား ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လုံခြုံရေးဆောင်ရွက်နိုင်ရန်အတွက် အမြန်လမ်းရဲစခန်း မြေနေရာအဖြစ် လွှဲပြောင်းသတ်မှတ်နိုင်ရန် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးလိုက်သဖြင့် တောင်ညို ကြိုးဝိုင်းကို ကျန်ရှိဧရိယာအကျယ်အဝန်း (၄၈၃၇၄)ဧက၊ တောင်ညို (၁) ကြိုးဝိုင်း (၁၅၉၄) ဧက၊ တောင်ညို (၂) ကြိုးဝိုင်း (၁၃၆) ဧက၊ တောင်ညို (၃) ကြိုးဝိုင်း (၂၁၆၃) ဧက၊ တောင်ညို (၄) ကြိုးဝိုင်း (၁၂၀) ဧက တို့ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၂။ **ပြင်ဆင်ဖွဲ့စည်းလိုက်သည့်ကြိုးဝိုင်းတောနယ်နိမိတ်များ**

**တောင်ညိုကြိုးဝိုင်း (၄၈၃၇၄) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (Q-၂၉၂၄၀၁) မှအစပြု၍ အရှေ့မြောက်ယွန်းယွန်းသို့ (၃၈၆၆) ကိုက်ခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၃၀၄၀၇) ထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ (၂၃၃၄) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၄၂၃၈၇) ထိ၊ ထိုမှ အရှေ့ဘက်သို့ (၅၆၂) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၄၅၃၈၂) ထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ (၅၄၁) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၅၁၃၈၅) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၅၁၃၈၅) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၅၈၁) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၅၂၃၈၃) ထိ၊ ထိုမှ အရှေ့ဘက်သို့ (၆၄၁) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၅၅၃၈၂) ထိ၊ ထိုမှ မြောက်ယွန်းယွန်းသို့ (၆၉၆) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၅၄၃၈၄) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၇၀၇) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၆၀၃၇၉) ထိ၊ ထိုမှ အရှေ့နှမြောက်ဘက်သို့ (၇၆၃) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၆၇၃၈၀) ထိ၊ ၎င်းမှ အရှေ့တောင်ယွန်းယွန်းသို့ (၁၈၄၄) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၈၅၃၇၅) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၄၁၇) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၃၈၉၃၇၇) ထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ (၆၃၇၇) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၄၄၂၃၄၂) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၃၅၇၈) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၄၇၇၃၅၁) ထိ၊ ထိုမှ အရှေ့ဘက်သို့ (၇၉၅) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၄၈၄၃၅၀) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁၉၈၈) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၄၉၉၃၃၇) ထိ၊ ၎င်းမှ အနောက် တောင်ဘက်သို့ (၁၃၁၆) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၄၉၈၃၂၄) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၅၇၅၆) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၅၅၀၃၀၀) အထိ။

အရှေ့ဘက် ။ ။ ၎င်းမှ အနောက်ဘက်သို့ ကိုက် (၅၀၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၅၀၀၃၀၀) ထိ၊ ထိုမှ တောင်ဘက်သို့ ကိုက် (၂၀၀၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၅၀၀၁၀၀) ထိ၊

ငင်းမှ အရှေ့ဘက်သို့ (၁၁၆၆) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၅၁၁၁၀၀) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၃၆၈၄) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၅၂၈၀၆၇) ထိ၊ ငင်းမှအနောက်မြောက်ဘက်သို့ (၅၆၆) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၅၂၃၀၆၉) ထိ၊ ထိုမှ မြောက်ဘက်သို့ ကိုက် (၅၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၅၂၃၀၇၄) ထိ၊ ထိုမှ အနောက်ဘက်သို့ ကိုက် (၁၁၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၅၁၂၀၇၄) ထိ၊ ထိုမှ တောင်ဘက်သို့ ကိုက် (၁၂၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၅၁၂၀၆၂) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁၁၁၈) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၅၂၃၀၆၀) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁၃၃၅) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Q-၅၃၅၀၆၃) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ကြိုးဝိုင်းနယ်နိမိတ်အတိုင်း ဆက်လာရာ ခန့်မှန်းမြေပုံညွှန်း (၅၃၆၀၆၄) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁၈၄၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (၅၃၀၀၆၁) အထိ၊ ထိုမှ အနောက်ဘက်သို့ (၈၄၁၆) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (၅၀၃၀၅၉) အထိ။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် (ကြာသပတေးနေ့) တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၆) တွင် သဘောတူညီချက်အရ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ကယားပြည်နယ် လွိုင်ကော်ပညာရေးကောလိပ်၊ ချင်းပြည်နယ် ဟားခါးပညာရေးကောလိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာပညာရေးကောလိပ်များတွင် လေ့ကျင့်ရေး အလယ်တန်းကျောင်း (၁) ကျောင်းစီကို (၁) ကျောင်းလျှင် အရာထမ်းရာထူး (၁) နေရာ၊ အမှုထမ်းရာထူး (၃၅) နေရာ စုစုပေါင်းရာထူး (၃၆) နေရာစီဖြင့် အသစ်တိုးချဲ့ ဖွင့်လှစ်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၁၉/၂၀၁၇)

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦး အား ကာယကံရှင်၏လျှောက်ထားတင်ပြချက်အရ အလုပ်တာဝန်ဝတ္တရားများ စွန့်လွှတ်သည့်နေ့မှစ၍ အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၃ ရက်)

အမှတ် ၉ ။ ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ရရှိပြီးသော ဒုတိယညွှန်ကြားရေးမှူးအား အမည်နှင့်ယှဉ်တွဲ ဖော်ပြပါရာထူးနေရာသို့ တာဝန်ချထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၃၆၅၅ | ဒေါက်တာနီနီအေး<br>ဒုတိယညွှန်ကြားရေးမှူး<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန<br>ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး |

မှတ်ချက် ။ ရာထူးနေရာချထားခြင်းခံရသည့် ဒုတိယညွှန်ကြားရေးမှူးသည် အမိန့်စာထွက်ပြီး (၂၁) ရက် အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ လာရောက် တွေ့ဆုံရန်ဖြစ်သည်။

## အားကစားနှင့်ကာယပညာဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁ (၉)/အားကစား/ဝကရ အရ အားကစားနှင့်ကာယပညာဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီး/ ခရိုင်/

မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ အားကစားမှူး လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါဒေသများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဒေသ | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဒေသ |
|---|---|---|
| ၁။ | ဒေါ်ထက်ထက်ဝင့်<br>အားကစားမှူး<br>မန္တလေးတိုင်းဒေသကြီး<br>(ဝမ်းတွင်းမြို့နယ်) | အားကစားမှူး<br>မန္တလေးတိုင်းဒေသကြီး<br>(မိုးကုတ်မြို့နယ်) |
| ၂။ | ဒေါ်ဖြူသီထွဏ်း<br>အားကစားမှူး<br>တနင်္သာရီတိုင်းဒေသကြီး<br>(မြိတ်ခရိုင်) | အားကစားမှူး<br>တနင်္သာရီတိုင်းဒေသကြီး<br>(ရေဖြူမြို့နယ်) |
| ၃။ | ဒေါ်မြနှင်းထွေး<br>အားကစားမှူး<br>ပဲခူးတိုင်းဒေသကြီး (အုတ်ဖိုမြို့နယ်)<br>(ဘတ်စကက်ဘောတွဲ) | အားကစားမှူး<br>ပဲခူးတိုင်းဒေသကြီး<br>(ပဲခူးခရိုင်) |
| ၄။ | ဦးသူရလှိုင်<br>အားကစားမှူး<br>စစ်ကိုင်းတိုင်းဒေသကြီး<br>(ဖောင်းပြင်မြို့နယ်) | အားကစားမှူး<br>စစ်ကိုင်းတိုင်းဒေသကြီး<br>(ကောလင်းမြို့နယ်) |
| ၅။ | ဒေါ်ခင်စန္ဒာချို<br>အားကစားမှူး<br>မွန်ပြည်နယ်<br>(ဘီးလင်းမြို့နယ်) | အားကစားမှူး<br>ကချင်ပြည်နယ်<br>(ဗန်းမော်ခရိုင်) |

မှတ်ချက် ။ ပြောင်းရွှေ့ခံရသည့် အားကစားမှူးများသည် အမိန့်စာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် သက်ဆိုင်ရာ အကြီးအကဲထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (ယခင်အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန) အား ဝန်ကြီးရုံး (၂) ရုံးနှင့် ဦးစီးဌာန/အဖွဲ့အစည်း (၁၈) ခုဖြင့်

ဖွဲ့စည်းထားရာမှ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက် (ကြာသပတေးနေ့) တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆)၏ သဘောတူခွင့်ပြုချက်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအား ဝန်ကြီးရုံး (၁) ရုံးနှင့် ဦးစီးဌာန/ အဖွဲ့အစည်း (၁၉) ခုဖြင့် အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| စဉ် | လက်ရှိဌာနများ | မူလဖွဲ့စည်းပုံ အင်အား | | | စဉ် | အတည်ပြုပြီးဌာနများ | အတည်ပြုဖွဲ့စည်းပုံ အင်အား | | |
|---|---|---|---|---|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | စုစုပေါင်း | | | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
| ၁ | ဝန်ကြီးရုံး (၂) ရုံး | ၁၀၀ | ၂၃၀ | ၃၃၀ | ၁ | ဝန်ကြီးရုံး (၁) ရုံး | ၁၀၀ | ၂၃၀ | ၃၃၀ |
| ၂ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၁၉၂၂ | ၄၁၅၄ | ၆၀၇၆ | ၂ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၁၈၅၁ | ၃၉၉၃ | ၅၈၄၄ |
| | | | | | ၃ | စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန | ၇၁ | ၁၆၁ | ၂၃၂ |
| ၃ | ဗဟိုစာရင်းအင်းအဖွဲ့ | ၃၅၉ | ၅၄၇ | ၉၀၆ | ၄ | ဗဟိုစာရင်းအင်းအဖွဲ့ | ၃၅၉ | ၅၄၇ | ၉၀၆ |
| ၄ | ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | ၁၂၉ | ၄၄၅ | ၅၇၄ | ၅ | ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | ၁၂၉ | ၄၄၅ | ၅၇၄ |
| ၅ | နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန | ၁၅၁ | ၁၂၂ | ၂၇၃ | ၆ | နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန | ၁၅၁ | ၁၂၂ | ၂၇၃ |
| ၆ | အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန | ၈၀ | ၂၄၅ | ၃၂၅ | ၇ | အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန | ၈၀ | ၂၄၅ | ၃၂၅ |
| ၇ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန | ၂၂၇ | ၃၀၈ | ၅၃၅ | ၈ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန | ၂၂၇ | ၃၀၈ | ၅၃၅ |
| ၈ | မြန်မာ့စီးပွားရေးဘဏ် | ၈၄၄ | ၁၂၁၇၄ | ၁၃၀၁၈ | ၉ | မြန်မာ့စီးပွားရေးဘဏ် | ၈၄၄ | ၁၂၁၇၄ | ၁၃၀၁၈ |
| ၉ | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ၈၀ | ၇၃၅ | ၈၁၅ | ၁၀ | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ၈၀ | ၇၃၅ | ၈၁၅ |
| ၁၀ | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | ၈၂ | ၃၇၆ | ၄၅၈ | ၁၁ | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | ၈၂ | ၃၇၆ | ၄၅၈ |
| ၁၁ | မြန်မာ့အာမခံလုပ်ငန်း | ၁၀၈ | ၁၂၈၅ | ၁၃၉၃ | ၁၂ | မြန်မာ့အာမခံလုပ်ငန်း | ၁၀၈ | ၁၂၈၅ | ၁၃၉၃ |
| ၁၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၃၁၅ | ၆၈၄ | ၉၉၉ | ၁၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၃၁၅ | ၆၈၄ | ၉၉၉ |
| ၁၃ | ငွေတိုက်ဦးစီးဌာန | ၁၇၅ | ၃၅၇ | ၅၃၂ | ၁၄ | ငွေတိုက်ဦးစီးဌာန | ၁၇၅ | ၃၅၇ | ၅၃၂ |
| ၁၄ | ပြည်တွင်းအခွန်များဦးစီးဌာန | ၁၀၉၁ | ၅၁၆၈ | ၆၂၅၉ | ၁၅ | ပြည်တွင်းအခွန်များဦးစီးဌာန | ၁၀၉၁ | ၅၁၆၈ | ၆၂၅၉ |
| ၁၅ | အကောက်ခွန်ဦးစီးဌာန | ၃၄၉ | ၂၈၂၂ | ၃၁၇၁ | ၁၆ | အကောက်ခွန်ဦးစီးဌာန | ၃၄၉ | ၂၈၂၂ | ၃၁၇၁ |
| ၁၆ | ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန | ၁၁၅ | ၄၉၂ | ၆၀၇ | ၁၇ | ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန | ၁၁၅ | ၄၉၂ | ၆၀၇ |
| ၁၇ | ပင်စင်ဦးစီးဌာန | ၇၃ | ၅၆၂ | ၆၃၅ | ၁၈ | ပင်စင်ဦးစီးဌာန | ၇၃ | ၅၆၂ | ၆၃၅ |
| ၁၈ | အခွန်အယူခံ ခုံအဖွဲ့ရုံး | ၆၀ | ၁၃၅ | ၁၉၅ | ၁၉ | အခွန်အယူခံ ခုံအဖွဲ့ရုံး | ၆၀ | ၁၃၅ | ၁၉၅ |
| ၁၉ | ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် | ၆၈ | ၅၂ | ၁၂၀ | ၂၀ | ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် | ၆၈ | ၅၂ | ၁၂၀ |
| | စုစုပေါင်း | ၆၃၂၈ | ၃၀၈၉၃ | ၃၇၂၂၁ | | | ၆၃၂၈ | ၃၀၈၉၃ | ၃၇၂၂၁ |

၂။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (၂) ခုတို့ကို ပူးပေါင်း၍ ဖွဲ့စည်းထားခြင်းဖြစ်ပြီး မူလဖွဲ့စည်းပုံခွင့်ပြုချက်အရ **ဝန်ကြီးရုံး (၂) ရုံးနှင့် ဦးစီးဌာန/အဖွဲ့အစည်း (၁၈) ခု** ပါဝင်ဖွဲ့စည်းထားမှုအပေါ် ဝန်ကြီးရုံး (၁) ရုံး အတည်ပြုခွင့်ပြုအင်အား (၃၃၀) နေရာဖြင့် ဖွဲ့စည်းခြင်းဖြင့်လည်းကောင်း၊ **စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏** မူလခွင့်ပြုအင်အား (၆၀၇၆) နေရာမှ အင်အား (၂၃၂) နေရာကို လျှော့ချ၍ အတည်ပြုခွင့်ပြုအင်အား (၅၈၄၄) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းဖြင့်လည်းကောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနလက်အောက်ရှိ တိုးတက်မှုအစီရင်ခံရေး ဌာနခွဲကို **စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန** အဖြစ် အတည်ပြုခွင့်ပြုအင်အား (၂၃၂) နေရာဖြင့် အသစ်ပြင်ဆင်ဖွဲ့စည်းခြင်းဖြင့်လည်းကောင်း၊ ကျန်သည့်ဦးစီးဌာန/အဖွဲ့အစည်း (၁၇) ခုကို မူလဖွဲ့စည်းပုံခွင့်ပြုအင်အားများအတိုင်း ပြောင်းလဲမှုမရှိဘဲ ဖွဲ့စည်းခြင်းဖြင့်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို အတည်ပြုအင်အား (၃၇၂၂၀) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

၃။ အဆိုပါ ဝန်ကြီးရုံး (၁) ရုံးနှင့် ဦးစီးဌာန/အဖွဲ့အစည်း (၁၉) ခုတို့၏ ခွင့်ပြုဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်းကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ အတည်ပြုဖွဲ့စည်းသွားရန်နှင့် အပိုဒ် (၁) ပါ အတည်ပြုပြီး ဝန်ကြီးရုံးနှင့် ဦးစီးဌာန/အဖွဲ့အစည်း (၁၉) ခုတို့၏ အခေါ်အဝေါ်နှင့်အင်အားများအတိုင်း ပြင်ဆင်ဖွဲ့စည်းသွားရန် ဖြစ်ပါသည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၃၁/၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

## စီမံခန့်ခွဲမှုကော်မတီ (Management Committee) ဖွဲ့စည်းခြင်း

၁။ အီတလီနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကြွေးမြီရှင်းလင်းရန် နှစ်နိုင်ငံသဘောတူ စာချုပ်ဖြစ်သော Agreement on Debt Cancellation နှင့် Agreement on Debt Swap တို့အား ၂၀၁၃ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါစာချုပ်များအရ Agreement on Debt Swap သဘောတူ စာချုပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် "အီတလီ-မြန်မာကြွေးမြီ ဖလှယ်ခြင်း သဘောတူညီချက်-စီမံခန့်ခွဲမှုကော်မတီ" (Italian-Myanmar Debt Swap Agreement Management Committee ) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ Agreement on Debt Swap ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) Counterpart Fund (CPF) နှင့်ပတ်သက်၍ ဌာနတွင်း Procedures အား အတည်ပြုရန်၊

(ခ) CPF နှင့်ပတ်သက်၍ စီမံကိန်းများ၏ ဘဏ္ဍာရေးရှင်းတမ်းနှင့် နှစ်စဉ်ဘတ်ဂျက်ရေးဆွဲရန်၊

(ဂ) စီမံကိန်းအဆိုပြုလွှာများအား UNOPS ကိုယ်စားလှယ်မှ နည်းပညာအကဲဖြတ်မှုပြီးမြောက်ပါက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီသို့ပေးပို့ရန်၊

(ဃ) အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများအနေဖြင့် ခေါင်းစဉ်များပြောင်းလဲခြင်းနှင့် ကုန်ကျစရိတ်များ ထပ်မံဖြည့်စွက်ခြင်းတို့ဖြင့် ပြန်လည်ပြင်ဆင်ထားသော စီမံကိန်းများကို အတည်ပြုရန်နှင့် UNOPS မှ ကြိုတင်အကဲဖြတ်ရန်၊

(င) အကောင်အထည်ဖော်မည့်အဖွဲ့အစည်းများအနေဖြင့် တောင်းဆိုထားသောခေါင်းစဉ်များပြောင်းလဲမှုမရှိခြင်း၊ ကုန်ကျစရိတ်များ ထပ်မံဖြည့်စွက်ခြင်းမရှိသော စီမံကိန်းများကို UNOPS ကိုယ်စားလှယ်မှ အကဲဖြတ်ရန်နှင့် အတည်ပြုရန်၊

(စ) အကောင်အထည်ဖော်မည့်အဖွဲ့အစည်းများအနေဖြင့် တင်ပြခဲ့သည့် နည်းပညာဆိုင်ရာ ဘဏ္ဍာရေးအစီရင်ခံစာများနှင့် နောက်ဆုံးအစီရင်ခံစာများကဲ့သို့ (၆) လတာ စီမံကိန်းဆောင်ရွက်မှုများကို UNOPS ကိုယ်စားလှယ်မှ အကဲဖြတ်ရန်၊

(ဆ) UNOPS ကိုယ်စားလှယ်မှ အကောင်အထည်ဖော်မည့်စီမံကိန်းများအား စောင့်ကြည့်ရန်၊

(ဇ) ၆ လတစ်ကြိမ် တိုးတက်မှုစီရင်ခံစာများနှင့် စာရင်းစစ်ဆေးပြီးသော စီမံကိန်းများကို အီတလီသံရုံးမှတစ်ဆင့် Ministry of Foreign Affairs of the Italian Republic-Directorate General for Development Cooperation (MAE/DGCS) နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ပေးပို့ရန်၊

(ဈ) အတည်ပြုပြီးသော စီမံကိန်းများအောက်မှ လိုက်နာခြင်းမရှိသော (သို့မဟုတ်) လွဲမှားသော စီမံခန့်ခွဲမှုများကြောင့် စီမံကိန်းတစ်ခု၏ ဘဏ္ဍာရေးအခြေအနေများကို ဆိုင်းငံ့ရန် (သို့မဟုတ်) ဖျက်သိမ်းရန်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၁၃၈/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**အစိုးရပစ္စည်းဝယ်ယူမှု စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းပြုစုရေး ကြီးကြပ်မှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစနစ်စီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Modernization of Public Finance Management Project- MPFM) တွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် နယ်ပယ် (၃) ဖြစ်သည့် ထိရောက်မှုရှိသော ဘတ်ဂျက်အကောင်အထည်ဖော်မှုနှင့် အစီရင်ခံတင်ပြမှုတွင် မြန်မာနိုင်ငံ၏ အစိုးရပစ္စည်းဝယ်ယူမှုစနစ်ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ပုံစံများဖြစ်စေရေးနှင့် အစိုးရပစ္စည်း ဝယ်ယူမှုလုပ်ငန်းစဉ်များကို ပြည်ထောင်စုဝန်ကြီးဌာနများအကြား တစ်ပြေးညီဖြစ်စေရေး အတွက် လက်ရှိအစိုးရပစ္စည်းဝယ်ယူမှုစနစ်နှင့် ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ပြောင်းလဲရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ လုပ်ငန်းစဉ်ကို ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ကျင်းပခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၆) ၏ သဘောတူညီချက်အရ အစိုးရပစ္စည်းဝယ်ယူမှု စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းပြုစုရေး ကြီးကြပ်မှုကော်မတီ (Public Procurement Rules and Regulations Supervision Committee-PPRRSC) ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဦးမောင်မောင်ဝင်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ဒေါ်နွဲ့နွဲ့ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) ဦးဝင်းတင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဃ) ဦးဟန်ဝင်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့်
စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(င) ဦးမောင်မောင်တင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(စ) ဦးလှမော်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဆ) ဒေါ်နွဲ့နွဲ့ဝင်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ငွေတိုက်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၃။ အထက်ပါ အစိုးရပစ္စည်းဝယ်ယူမှု စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းပြုစုရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အစိုးရဌာနအဖွဲ့အစည်းများမှ လက်ရှိဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူရေး လုပ်ငန်းစဉ်အဆင့်ဆင့်အား ဌာနအဖွဲ့အစည်းများမှ တောင်းခံ၍ တစ်ပြေးညီဖြစ်စေရန် လေ့လာဆန်းစစ်ခြင်း၊

(ခ) ရှင်းလင်းတိကျသောအစိုးရပစ္စည်းဝယ်ယူမှု မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊

(ဂ) အစိုးရပစ္စည်းဝယ်ယူမှုအဆင့်များအတွက် တိကျသည့် စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် နိုင်ငံတကာစံချိန်မီ တင်ဒါပုံစံများပြုစုခြင်း၊

(ဃ) အစိုးရပစ္စည်းဝယ်ယူမှုတွင်ပါဝင်သည့် တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာချုပ် ချုပ်ဆိုမှုများကို နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခြင်း၊

(ဃ) အစိုးရပစ္စည်းဝယ်ယူမှုတွင်ပါဝင်သည့် တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာချုပ် ချုပ်ဆိုမှုများကို နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီစေရန် ဆောင်ရွက်ခြင်း၊

(င) မြန်မာနိုင်ငံ၏ အစိုးရပစ္စည်းဝယ်ယူမှုလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဌာနအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊

(စ) နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသည့် ဝယ်ယူရေးဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံး၊ လုပ်နည်းများ လေ့လာခြင်း၊

(ဆ) ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လက်ရှိဆောင်ရွက်နေသည့် အစိုးရပစ္စည်းဝယ်ယူမှုလုပ်ငန်းစဉ်များမှ ကြုံတွေ့ရသည့် အခက်အခဲ၊ စိန်ခေါ်မှုများအား ဖြေရှင်းဆောင်ရွက်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊

(ဇ) မြန်မာနိုင်ငံ၏ ဝယ်ယူရေးဥပဒေ (Procurement Law) ရေးဆွဲတင်ပြခြင်း။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၁၄၆/၂၀၁၆

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၆) မှ သဘောတူခွင့်ပြုချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲဇယား ၁ တွင်ပါရှိသော အမှတ်စဉ် (၁၅) ရှိ "one and a half per centum" ဆိုသည့်စကားရပ်အစား "0.5 per centum"၊ အမှတ်စဉ် (၂၃) ရှိ "Three per centum" ဆိုသည့်စကားရပ်အစား "Two per centum"၊ အမှတ်စဉ် (၃၅) (ဂ) ရှိ "kyat 600"ဆိုသည့်စကားရပ်အစား "Kyat 300"၊ အမှတ်စဉ် (၆၂) ရှိ"0.3 per centum" ဆိုသည့် စကားရပ်အစား "0.1 per centum"ဟု အသီးသီးပြင်ဆင်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၇)

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၃ ပါ ကိစ္စရပ်များဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာန၏ Audit Expert အဖြစ် တာဝန်ပေးအပ်ထားသူ Mr. Colin Cross Hutchins အား အခွန်ထမ်း၏ လုပ်ငန်းဥပစာအတွင်း ကွင်းဆင်းဆောင်ရွက်ရာ၌ လိုက်ပါဆောင်ရွက်ရန် တာဝန်ပေးလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၇)**

နေပြည်တော် ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၇) အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက် သည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၅၀၀,၀၀၀-/) ရာထူးနေရာတွင် အတည်ပြုခန့်ထားလိုက်သည်။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

**ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ကြောင်း အကောက်ခွန် အက်ဥပဒေ ပုဒ်မ ၂၀၄ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤလုပ်ထုံးလုပ်နည်းများကို ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ခြင်း (Advance Ruling on Classification) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ခ) **ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်**ဆိုသည်မှာ ကုန်ပစ္စည်းမရောက်မီ တင်သွင်းမည့် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ တိကျမှန်ကန်သည့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားသည့် ကြိုတင် သတ်မှတ်ချက်ကို ဆိုသည်။

(ဂ) **လျှောက်ထားသူ**ဆိုသည်မှာ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ပေးရန် လျှောက်ထား သူကို ဆိုသည်။

(ဃ) **နယ်မြေအကောက်ခွန်ရုံး**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေတို့ရှိ အကောက်ခွန်ရုံးအဆင့်ဆင့်ကို ဆိုသည်။

## အခန်း (၂)
## လျှောက်ထားခြင်း၊ လက်ခံစိစစ်ခြင်းနှင့် ပြန်ကြားခြင်း

၃။ ကုန်တင်သွင်းသူသည် ကုန်ပစ္စည်းမရောက်မီ တင်သွင်းမည့်ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ တိကျမှန်ကန်သည့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုကို ကြိုတင်သတ်မှတ်ဆောင်ရွက်ပေးရန် လျှောက်ထားလိုပါက အကောက်ခွန် ဦးစီးဌာန (ရုံးချုပ်) သို့ဖြစ်စေ၊ သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံးသို့ဖြစ်စေ လျှောက်ထားနိုင်သည်။

၄။ အပိုဒ် (၃) အရ လျှောက်ထားသည့်အခါ -

(က) အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသော ပူးတွဲပါလျှောက်လွှာပုံစံ (Application Form) မူရင်းနှင့် မိတ္တူတို့တွင် ပြည့်စုံစွာရေးသွင်းပြီး ကုန်ပစ္စည်းမရောက်ရှိမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ လျှောက်ထားရမည်။

(ခ) လျှောက်လွှာကို လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်သည်။

(ဂ) လျှောက်လွှာနှင့်အတူ တင်သွင်းပစ္စည်းနမူနာများ၊ ဓာတ်ပုံ၊ ရုပ်ပုံများအပါအဝင် အထောက်အထား၊ စာရွက်စာတမ်းများကို ပြည့်စုံစွာတင်ပြရမည်။

(ဃ) စုံစမ်းမေးမြန်းထားသည့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း ကြိုတင်သတ်မှတ်ချက်ကို အများ ပြည်သူသို့ ထုတ်ဖော်အသိပေးလိုခြင်း ရှိ/မရှိနှင့် အသိပေးလိုခြင်းမရှိပါက သတင်းအချက်အလက် ထိန်းသိမ်းလိုသည့်ကာလနှင့် ထိန်းသိမ်းလိုသည့်အကြောင်းအရင်းများကို လျှောက်လွှာဖြည့်စွက်ရာတွင် တစ်ပါတည်း ထည့်သွင်းဖော်ပြရမည်။ ထိန်းသိမ်းလိုသည့်ကာလသည် ရက်ပေါင်း ၁၈၀ ထက် မပိုစေရ။

(င) ကုန်ပစ္စည်းတစ်မျိုးအတွက် လျှောက်လွှာတစ်ခုချင်းစီတင်ပြရမည်။

(စ) အကယ်၍မေးမြန်းစုံစမ်းသူတွင် HS Code နှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက်ရှိပါက အကြောင်း အရင်းနှင့်တကွ ရှင်းလင်းဖော်ပြရမည်။

(ဆ) လျှောက်လွှာပုံစံတွင် နေရာမလုံလောက်ပါက သီးသန့်ပုံစံတစ်ခုတွင် ထပ်မံထည့်သွင်းလိုသည့် အချက်များအားရေးသားပြီး မူရင်းနှင့်ပူးတွဲတင်ပြရမည်။

(ဇ) အလားတူပစ္စည်းကို လျှောက်ထားမေးမြန်းခဲ့ဖူးပါက ယခင်က လျှောက်ထားခဲ့သည့်လျှောက်လွှာ (မိတ္တူ) ကို တင်ပြရမည်။

၅။ လျှောက်ထားသူသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားသတ်မှတ်နိုင်ရန် လိုအပ်သော သတင်း အချက်အလက် အထောက်အထားများကို သက်ဆိုင်ရာအကောက်ခွန်ရုံးက တောင်းခံလျှင် စတင် တောင်းခံသည့်နေ့မှ ၁၄ ရက်အတွင်း တင်ပြရမည်။

၆။ အကောက်ခွန်ရုံးချုပ် သို့မဟုတ် နယ်မြေအကောက်ခွန်ရုံးသည် အပိုဒ် (၃) အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) လျှောက်လွှာတွင် ဖော်ပြထားသော အချက်အလက်များနှင့် အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံမှု ရှိ/မရှိ စိစစ်ရမည်။

(ခ) လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံမှုမရှိလျှင်ဖြစ်စေ ၁၄ ရက်အတွင်း တင်ပြရန် လျှောက်ထားသူအား အကြောင်းကြားရမည်။

(ဂ) လျှောက်ထားသူက လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်ခြင်း သို့မဟုတ် လိုအပ်သော စာရွက်စာတမ်းနှင့် အထောက်အထားများကို သတ်မှတ်ကာလအတွင်း တင်ပြခြင်းမရှိလျှင် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ပေးရန် ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

(ဃ) အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သည် လျှောက်ထားချက်နှင့် လိုအပ်သောစာရွက်စာတမ်းအထောက်အထားများ ပြည့်စုံမှုရှိလျှင် သတ်မှတ်ချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပြီး ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ထုတ်ပေးရမည်။

(င) သက်ဆိုင်ရာ နယ်မြေအကောက်ခွန်ရုံးသည် မိမိစိစစ်ထားသည့် ကြိုတင်သတ်မှတ်ချက်နှင့်တကွ လျှောက်ထားသူ၏ လျှောက်လွှာ၊ စာရွက်စာတမ်းအထောက်အထားများကို အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့ပေးပို့၍ အတည်ပြုချက်ရယူပြီးမှသာလျှင် ကုန်ပစ္စည်းအမျိုးအစား ခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ထုတ်ပြန်ပေးရမည်။

(စ) ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ပြည့်စုံသောလျှောက်လွှာနှင့် စာရွက်စာတမ်းအထောက်အထားများ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ထုတ်ပေးရမည်။ ရက်ပေါင်း ၃၀ ထက် ကြာမြင့်နိုင်သည့် ကိစ္စဖြစ်ပါက လျှောက်ထားသူအား အသိပေးအကြောင်းကြားရမည်။

၇။ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) နှင့် သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံးသည် ကုန်ပစ္စည်း အမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ပေးရန် လျှောက်လွှာ၊ စာရွက်စာတမ်းအထောက်အထားများနှင့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်မိတ္တူတို့ကို အကောက်ခွန်ဝန်ထမ်းများ သိရှိကိုးကား အသုံးပြုနိုင်ရန် ခုနစ်နှစ် ထိန်းသိမ်းထားရှိရမည်။ အဆိုပါမှတ်တမ်းများကို အကောက်ခွန်ဦးစီးဌာန၏ Database တွင် Softcopy ဖြင့် ထည့်သွင်းသိမ်းဆည်းနိုင်ရန် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) က ဆောင်ရွက်ရမည်။

၈။ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သည် -

(က) အတည်ပြုပြီးသည့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို လျှောက်ထားသူနှင့် သက်ဆိုင်ရာအကောက်ခွန်ရုံးသို့ အကြောင်းပြန်ကြားရမည်။

(ခ) အောက်ဖော်ပြပါ လိုအပ်ချက်များအရ လျှောက်ထားသူက ပြည်သူသို့အသိပေးခြင်းမပြုရန် တောင်းဆိုခဲ့လျှင် ရက်ပေါင်း ၁၈၀ ကျော်မှသာ အကောက်ခွန်ဦးစီးဌာန Website တွင် ထုတ်ပြန်ရမည် -

(၁) လျှောက်ထားမေးမြန်းသော ကုန်ပစ္စည်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အခြားသူများသိရှိသွားပါက လျှောက်ထားသူကိုဖြစ်စေ၊ အကျိုးသက်ဆိုင်သူတစ်ဦးဦးကို ဖြစ်စေ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်ခြင်း၊

(၂) လျှောက်ထားမေးမြန်းသော ကုန်ပစ္စည်းမှာ လုပ်ငန်းလိုအပ်ချက်အရ လျှို့ဝှက်ထားရမည့် ပစ္စည်းဖြစ်ခြင်း။

၉။ လျှောက်ထားသူသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ပေးရန် လျှောက်ထားချက်ကို ပြန်လည်ရုပ်သိမ်းလိုပါက လျှောက်ထားသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၅ ရက်အတွင်း ပြန်လည်ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ရုပ်သိမ်းသည့်အခါ မည်သည့်အတွက် ရုပ်သိမ်းလိုခြင်းဖြစ်ကြောင်း အကြောင်းပြချက်ဖော်ပြရမည်။

## အခန်း (၃)
## ပြန်လည်သုံးသပ်ခြင်း

၁၀။ လျှောက်ထားသူသည် အကောက်ခွန်ဦးစီးဌာနက သတ်မှတ်သော Code အမှတ် (HS Code) နှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိလျှင် ပြန်လည်သုံးသပ်ပေးရန် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့မဟုတ် သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံးသို့ လျှောက်ထားနိုင်သည်။ ယင်းသို့လျှောက်ထားသည့်အခါ -

(က) ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရမည်။

(ခ) လျှောက်လွှာတွင် ပြန်ကြားချက်အမှတ် (Reply Reference No)၊ ပြန်လည်စစ်ဆေးပေးရမည့် ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များ၊ လျှောက်ထားသူ၏ ထင်မြင်ယူဆချက်၊ အကြောင်းပြချက်တို့ကို ဖော်ပြရမည်။

(ဂ) အကောက်ခွန်ဦးစီးဌာနမှထုတ်ပေးသည့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်မူရင်းနှင့် ခိုင်လုံသောအထောက်အထားတို့ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၁၁။ သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံးသည် အပိုဒ် (၁၀) အရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိလျှင် စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့ တင်ပြရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုကြိုတင်သတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်အပေါ် စိစစ်သုံးသပ်၍ သတ်မှတ်ထားသည့် Code အမှတ် (HS Code) ကို ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

၁၃။ အကောက်ခွန်ဦးစီးဌာနသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်၏ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အသိပေး အကြောင်းကြားရမည်။

၁၄။ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ လျှောက်ထားချက်ရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆုံးဖြတ်ပြန်ကြားနိုင်ရန် ဆောင်ရွက်ရမည်။

## အခန်း (၄)
## ပြင်ဆင်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၁၅။ အကောက်ခွန်ဦးစီးဌာနသည် -

(က) ကမ္ဘာ့အကောက်ခွန်နှင့် အာဆီယံစည်းဝါးညီအကောက်ခွန်နှုန်း အမည်ပေးစနစ် ပြင်ဆင်ခြင်းကြောင့်ဖြစ်စေ၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ကောက်ယူမှု လွဲမှားခြင်းကြောင့်ဖြစ်စေ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ပြင်ဆင်ခြင်းပြုနိုင်သည်။

(ခ) ယင်းသို့ ပြင်ဆင်ခြင်းပြုလျှင် ပြင်ဆင်ရမည့်အကြောင်းအရင်းနှင့် ပြင်ဆင်သတ်မှတ်သည့် Code အမှတ် (HS Code) တို့ကို လျှောက်ထားသူထံ ပေးပို့အကြောင်းကြားရမည့်အပြင် ထုတ်ကုန်သွင်းကုန် ကြီးကြပ်ရေးဌာနခွဲနှင့် သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံးသို့ ပေးပို့ရမည်။

၁၆။ လျှောက်ထားသူသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ပြင်ဆင်ကြောင်း အကောက်ခွန်ဦးစီးဌာန၏ အကြောင်းကြားစာအား လက်ခံရရှိလျှင် မူလသတ်မှတ်ချက်ကို သက်ဆိုင်ရာအကောက်ခွန်ရုံးသို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၅)
## သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁၇။ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်မူရင်းကို သွင်းကုန်ကြေညာလွှာ တင်သွင်းချိန်တွင် ပူးတွဲတင်ပြရမည်။ အဆိုပါ ကြိုတင်သတ်မှတ်ချက်ကို ယင်းသတ်မှတ်ချက်ထုတ်ပြန်သည့်နေ့မှ သုံးနှစ်အထိ ကိုးကားအသုံးပြုနိုင်သည်။

၁၈။ အကောက်ခွန်အရာရှိများသည် လျှောက်ထားသူမှ သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ရမည် -

(က) သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားသော ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များနှင့်ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ပါ ကုန်ပစ္စည်းဆိုင်ရာအချက်အလက်များ ကိုက်ညီမှုရှိ/မရှိ စိစစ်ရမည်။

(ခ) မူလသတ်မှတ်ချက်ပါ အကြောင်းအရာများနှင့် ပတ်သက်၍ အငြင်းပွားမှု ပေါ်ပေါက်ပါကညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

(ဂ) သုံးနှစ်ကျော်လွန်နေသော ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း ကြိုတင်သတ်မှတ်ချက်များကို လက်ခံစစ်ဆေးခြင်းမပြုရ။

## အခန်း (၆)

## အထွေထွေ

၁၉။ အောက်ပါကုန်ပစ္စည်းများအား ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း ကြိုတင်သတ်မှတ်ရန်လျှောက်ထားလာပါက ဖြေကြားခြင်းပြုမည်မဟုတ်ပါ -

(က) သုံးနှစ်အတွင်း လျှောက်ထားဖြေကြားချက်နှင့် တစ်ထပ်တည်းတူညီသော ကုန်ပစ္စည်းများ၊

(ခ) အကောက်ခွန် Website တွင်ဖော်ပြထားသော ကုန်ပစ္စည်းများ၊

(ဂ) လျှောက်ထားသူကုမ္ပဏီနှင့် အကောက်ခွန်ဦးစီးဌာနတို့အကြား အငြင်းပွားမှုရှိပြီး ပြီးပြတ်အောင်ဆောင်ရွက်မှုမရှိသေးသည့် ကုန်ပစ္စည်းများ၊

(ဃ) တည်ဆဲဥပဒေများအရ တားမြစ်ပိတ်ပင်ထားသောကုန်ပစ္စည်းများ။

၂၀။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၁/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

## အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ဆောင်ရွက်မှု (Advance Ruling on Customs Valuation) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ခ) **အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်ချက်**ဆိုသည်မှာ ကုန်ပစ္စည်းမရောက်မီ တင်သွင်းမည့် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့် ကျသင့်အခွန်ကြိုတင်တွက်ချက်နိုင်ရေးအတွက် အကောက်ခွန်တန်ဖိုးသတ်မှတ်၍ အကြောင်းပြန်ကြားချက်ကို ဆိုသည်။

(ဂ) **လျှောက်ထားသူ**ဆိုသည်မှာ ကုန်ပစ္စည်းမရောက်မီတင်သွင်းမည့် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့် ကျသင့်အခွန် ကြိုတင်တွက်ချက်နိုင်ရေးအတွက် အကောက်ခွန်တန်ဖိုး သတ်မှတ်ပေးရန်လျှောက်ထားသူကို ဆိုသည်။

(ဃ) **နယ်မြေအကောက်ခွန်ရုံး**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေတို့ရှိ အကောက်ခွန်ရုံးအဆင့်ဆင့်ကို ဆိုသည်။

## အခန်း (၂)
## လျှောက်ထားခြင်း၊ လက်ခံစိစစ်ခြင်းနှင့် ပြန်ကြားခြင်း

၃။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် ပါဝင်ဆောင်ရွက်သော ကုန်တင်သွင်းသူသည် ကုန်ပစ္စည်း မရောက်မီ တင်သွင်းမည့် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့် ကျသင့်အခွန် ကြိုတင်တွက်ချက်နိုင်ရေး အတွက် အကောက်ခွန်တန်ဖိုးသတ်မှတ်ပေးရန် လျှောက်ထားလိုပါက အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့ ဖြစ်စေ၊ သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံးသို့ဖြစ်စေ လျှောက်ထားနိုင်သည်။

၄။ အပိုဒ် (၃) အရ လျှောက်ထားသည့်အခါ -

(က) အကောက်ခွန်ဦးစီးဌာနက သတ်မှတ်သောလျှောက်လွှာပုံစံ မူရင်းနှင့်မိတ္တူတို့တွင် ပြည့်စုံစွာ ရေးသွင်းပြီး ကုန်ပစ္စည်းမတင်သွင်းမီ အနည်းဆုံး ရက်ပေါင်း ၃၀ အတွင်း ကြိုတင်ပေးပို့ လျှောက်ထားရမည်။

(ခ) လျှောက်လွှာကို လူကိုယ်တိုင်ဖြစ်စေ၊ စာ/ဖက်စ်/အီးမေးလ်ဖြင့်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်သည်။

(ဂ) လျှောက်လွှာနှင့်အတူ ရောင်းဝယ်မှုဆိုင်ရာစာရွက်စာတမ်းများ (Commercial Documents) ပူးတွဲ တင်ပြရမည်။

(ဃ) ကုမ္ပဏီအနေဖြင့် လျှောက်ထားခြင်းဖြစ်ပါက မန်နေးဂျင်းဒါရိုက်တာ သို့မဟုတ် ဒါရိုက်တာ တစ်ဦးဦးက လက်မှတ်ရေးထိုးလျှောက်ထားရမည်။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက လျှောက်ထားခြင်းဖြစ်ပါက သက်ဆိုင်ရာဌာနအဖွဲ့အစည်း၏ အကြီးအကဲ သို့မဟုတ် ယင်းက တာဝန်လွှဲအပ်သည့်ပုဂ္ဂိုလ်က လက်မှတ်ရေးထိုးလျှောက်ထားရမည်။

၅။ လျှောက်ထားသူသည် အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်နိုင်ရန် လိုအပ်သော သတင်းအချက် အလက်များနှင့် စာရွက်စာတမ်းများကို လျှောက်လွှာလက်ခံသည့်ရုံးက တောင်းခံလျှင် စတင်တောင်းခံသည့် နေ့မှစ၍ ၀ါးရက်အတွင်း (ရုံးပိတ်ရက်မပါ) အမြန်ဆုံးတင်ပြရမည်။

၆။ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့မဟုတ် နယ်မြေအကောက်ခွန်ရုံးသည် အပိုဒ် (၃) အရ လျှောက်ထားချက်ကိုလက်ခံရရှိလျှင် -

(က) လျှောက်လွှာပုံစံတွင် ပြည့်စုံစွာရေးသွင်းထားခြင်း ရှိ/မရှိ နှင့်လိုအပ်သော စာရွက်စာတမ်းများ ပြည့်စုံစွာ ပူးတွဲတင်ပြခြင်း ရှိ/မရှိ စိစစ်ရမည်။ လျှောက်ထားသည့် ကုန်စည်အမျိုးအစားသည် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) က အကောက်ခွန်တန်ဖိုးသတ်မှတ်ပြီး မှတ်တမ်းတွင် အကျုံးဝင်ခြင်း ရှိ/မရှိ ကိုလည်းကောင်း၊ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ရာတွင် မှန်ကန်စွာတန်ဖိုးဖြတ်နိုင်ရေးအတွက် လိုအပ်သော အချက်အလက်နှင့် အထောက်အထားများ ပြည့်စုံစွာပါဝင်ခြင်း ရှိ/မရှိ ကိုလည်းကောင်း၊ လျှောက်ထားသော ကုန်ပစ္စည်းသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ (၁၈) အရ ဖြစ်စေ၊ (၁၉) အရဖြစ်စေ၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ တားမြစ်ခြင်း (သို့မဟုတ်) ကန့်သတ်ထားခြင်း ရှိ/မရှိကိုလည်းကောင်း စိစစ်ရမည်။

(ခ) လျှောက်လွှာပုံစံတွင် ပြည့်စုံစွာရေးသွင်းထားခြင်းမရှိကြောင်း တွေ့ရှိရပါက အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ခြင်းပြုမည်မဟုတ်ပါ။

(ဂ) လျှောက်လွှာအား လျှောက်ထားသူထံသို့ ပြန်လည်ပေးပို့၍ အမြန်ဆုံး ပြန်လည်လျှောက်ထားစေရမည်။

(ဃ) လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများ ပြည့်စုံစွာ ပူးတွဲတင်ပြခြင်းမရှိလျှင်ဖြစ်စေ၊ အခြားသတင်းအချက်အလက်နှင့် စာရွက်စာတမ်းအထောက်အထားများ လိုအပ်ကြောင်း ထင်မြင်လျှင်ဖြစ်စေ လျှောက်ထားသူထံမှ တောင်းခံနိုင်သည်။

၇။ နယ်မြေအကောက်ခွန်ရုံးသည် အပိုဒ် (၃) အရ လျှောက်ထားချက်ကို စိစစ်ပြီးနောက် ပြည့်စုံမှန်ကန်သော လျှောက်ထားချက်ဖြစ်ကြောင်း စိစစ်တွေ့ရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) က အကောက်ခွန်တန်ဖိုး သတ်မှတ်ထားပြီးဖြစ်သောမှတ်တမ်းတွင် အကျုံးဝင်သည့် ကုန်ပစ္စည်းအမျိုးအစားဖြစ်လျှင် အကောက်ခွန်တန်ဖိုး ကြိုတင် သတ်မှတ်ချက် ထုတ်ပေးရမည်။

(ခ) အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) က အကောက်ခွန်တန်ဖိုး သတ်မှတ်ပြီးဖြစ်သောမှတ်တမ်းတွင် အကျုံးဝင်ခြင်းမရှိသည့် ကုန်ပစ္စည်းအမျိုးအစားဖြစ်လျှင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့ တင်ပြရမည်။

၈။ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သည် အပိုဒ် (၃) အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် စိစစ်၍ အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်ချက်အား လျှောက်ထားသူထံဖြစ်စေ သို့မဟုတ် သက်ဆိုင်ရာ နယ်မြေရုံးမှတစ်ဆင့်ဖြစ်စေ ပြန်ကြားရမည်။

၉။ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ပေးရန် လျှောက်ထားသည့် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ မှန်ကန်စွာ တန်ဖိုးဖြတ်နိုင်မည့် အချက်အလက်နှင့် အထောက်အထားများပြည့်စုံစွာရရှိမှသာ အကောက်ခွန် တန်ဖိုး ကြိုတင်သတ်မှတ်ချက်ထုတ်ပေးရမည်။ ယင်းသို့သတ်မှတ်ချက်ထုတ်ပေးရာတွင် အထောက်အထား ပြည့်စုံစွာရရှိသည့်နေ့မှ ၁၄ ရက်ထက်မကျော်လွန်စေရ။

၁၀။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၈ အရဖြစ်စေ၊ ၁၉ အရဖြစ်စေ တားမြစ်ထားသော သို့မဟုတ် ကန့်သတ်ထားသော ကုန်ပစ္စည်းများနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကန့်သတ်ထားသော အခြားကုန်ပစ္စည်းများကို ကြိုတင်တန်ဖိုးသတ်မှတ်ပေးရန် လျှောက်ထားပါက လက်ခံဆောင်ရွက်ခြင်း မပြုရ။

## အခန်း (၃)
## လျှောက်ထားချက်ကို ပြန်လည်ရုပ်သိမ်းခြင်း

၁၁။ လျှောက်ထားသူသည် အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်ပေးရန် လျှောက်ထားချက်ကို ပြန်လည်ရုပ်သိမ်းလိုပါက လျှောက်ထားသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၅ ရက်အတွင်း ပြန်လည်ရုပ်သိမ်းနိုင်သည်။ ယင်းသို့ရုပ်သိမ်းသည့်အခါ မည်သည့်အတွက်ရုပ်သိမ်းလိုခြင်းဖြစ်ကြောင်း အကြောင်းပြချက်ဖော်ပြရမည်။

## အခန်း (၄)
## ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်သတ်မှတ်ခြင်း

၁၂။ ကြိုတင်သတ်မှတ်ထားသည့် အကောက်ခွန်တန်ဖိုးသည် အမှန်တကယ်ဝယ်ယူခဲ့ရသော ကုန်ပစ္စည်းတန်ဖိုးနှင့် ကွဲလွဲနေ၍ ပြန်လည်သုံးသပ်ပေးစေလိုပါက အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ချက်လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့ လျှောက်ထားနိုင်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်အပေါ် စိစစ်သုံးသပ်၍ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ချက်ကို ပြင်ဆင်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ရမည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် ကြိုတင်သတ်မှတ်သည့် အကောက်ခွန်တန်ဖိုးနှင့်စပ်လျဉ်း၍ အကောက်ခွန်အရာရှိက မှားယွင်း၍ဖြစ်စေ၊ လျှောက်ထားသူက တင်ပြသော ပြည့်စုံမှန်ကန်မှုမရှိသည့် သတင်းအချက်အလက်များကို အခြေခံ၍ဖြစ်စေ သတ်မှတ်ထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါတန်ဖိုးကိုပယ်ဖျက်၍ ပြန်လည်သတ်မှတ်ရမည်။

## အခန်း (၅)
## အထွေထွေ

၁၅။ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ချက်ကို ယင်းသတ်မှတ်ချက်ထုတ်ပြန်သည့်နေ့မှ ၆ လ အတွင်း ကိုးကားအသုံးပြုနိုင်သည်။

၁၆။ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ချက်မူရင်း (Application Form for Advance Ruling on Customs Valuation) ကို သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် ပူးတွဲတင်ပြရမည်။

၁၇။ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရမည်။

၁၈။ အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ခြင်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်ရမည်။

၁၉။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ပုံထုတ်-ခန့်မှန်းသုတေသနဌာနခွဲမှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၃၀၄ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးမြတ်ကိုကို အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ ပုဒ်မ ၉၆ အရ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှ ၉ ရက်နေ့အထိ ပြည်ပလစာမဲ့ခွင့် (၆) ရက်ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (EC-8/2017) အရ ခံစားခွင့်ပြုလိုက်သည်။

ဦးမြတ်ကိုကိုသည် အဆောက်အဦဦးစီးဌာန၊ ပုံထုတ်-ခန့်မှန်းသုတေသနဌာနခွဲမှ အင်ဂျင်နီယာချုပ် (မြို့ပြ) တာဝန်များအား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ပြန်လည်ထမ်းဆောင်ရမည် ဖြစ်ပါသည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ လမ်းဦးစီးဌာနသို့ တွဲဖက်ထားသော ကိုယ်ပိုင်အမှတ် ဆ/၁၂၂၆ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးဦးစောသိန်း အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပုဒ်မ ၉၆ အရ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ပြည်ပလစာမဲ့ခွင့် (၁၂) ရက်ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (EC-8/2017) အရ ခံစားခွင့်ပြုလိုက်သည်။

ဦးဦးစောသိန်းသည် လမ်းဦးစီးဌာနမှ အင်ဂျင်နီယာချုပ် (မြို့ပြ) တာဝန်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ပြန်လည်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

ဝင်းခိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်

(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာအယ်လ်တူးမိန်းဂေါင်အား

တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတွင်လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်သက်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

အမှတ် ၄၁ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) ဒေါ်စန်းစန်းမြင့် (ဥ/၂၁၀၀) အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

အမှတ် ၄၂ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ မိုးမိတ်ခရိုင် ဥပဒေရုံး၊ ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) ဦးစန်ကြည် (ဥ/၂၃၇၆) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၄ ရက်နေ့ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၅ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

အမှတ် ၆၆ ။ ။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်ဥပဒေရုံး၊ ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိ အဆင့်-၁) ဦးတင့်ဝေ (ဥ/၂၂၃၆) အား ကယားပြည်နယ်ဥပဒေချုပ်ရုံး၊ ဒုတိယပြည်နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) အဖြစ် ပြောင်းရွှေ့နေရာချထားပြီး ပြည်နယ်ဥပဒေအရာရှိ (တာဝန်) ထမ်းဆောင်စေလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

အမှတ် ၆၇ ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး (ဥပဒေအရာရှိအဆင့်-၂) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဦးမြင့်နိုင်ဝင်း (ဥ/၂၅၆၂) အား တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ မွန်ပြည်နယ်ဥပဒေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး (ရုံးအဖွဲ့မှူး) (ဥပဒေအရာရှိ အဆင့်-၁) လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်)

အမှတ် ၆၉ ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်ဥပဒေရုံး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်မြမြဇင် (ဥ/၂၇၂၆) (ယခု ဦးစီးအရာရှိ၊ ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး) သည် အမှုပြီးပြတ်ချက် ဥပရအမှုလိုက်ပုံစံ (၃) များအား အထက်ရုံးအဆင့်ဆင့်သို့ အချိန်မီမပို့ခြင်း၊ ပြင်ဆင်မှုတင်သွင်းရာတွင်လည်းကောင်း၊ တရားသေလွှတ်မိန့်အယူခံဝင်ရောက်ရာတွင်လည်းကောင်း သတ်မှတ်ရက်ထက်များစွာ နောက်ကျကျော်လွန်၍ တိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ ပေးပို့ခြင်း၊ တရားခွင်တွင်အမှုစစ်ဆေးရန် အချိန်မီမရောက်ရှိသဖြင့် စောင့်ဆိုင်းနေရခြင်း၊ ရုံးတက်ချိန်နောက်ကျကာ ခွင့်မဲ့ပျက်ကွက်ခြင်းများရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၃ (က) အရ **"စာဖြင့်သတိပေးခြင်း"** ပြစ်ဒဏ်ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့၌ ချမှတ်လိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာ (၈၀/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

